# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝင်(ဓမ္မပဒ-၁၇၂)**


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 17 June 2024 ၁၁၄၉၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးတည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် ဒေသအကျိုး ပိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နယ်မြေခံလေတပ်စခန်းဌာနချုပ် သူရအုန်းခိုင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**သမိုင်းအစဉ်အလာကောင်းများနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြရသူများဖြစ်**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ မိတ္ထီလာဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များကို


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၂

**အမှန်တရားကို မျက်ကွယ်ပြု ရည်ရွယ်ချက်ရှိရှိ ဇာတ်နာအောင်လုပ်ကြသူတွေ**
ဆောင်းပါး စာမျက်နှာ » ၆

**မိုးဥတုချိန်ခါရောက်ရှိလာ တိုင်းရင်းဆေးဖြင့် ရောဂါကာကွယ်စောင့်ရှောက်ပါ**
ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ရှိပြီးအခြေခံကောင်းများ အသုံးချ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ပါမှ နိုင်ငံ၏ GDP တိုးတက်လာပြီး စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများတိုးတက်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာပြီး နိုင်ငံ့စီးပွားရေးလည်း မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် သီးထပ်စွမ်းအားများ တိုးတက်လာအောင် ဆောင်ရွက်နိုင်ပါမှ စိုက်ပျိုးရေးကဏ္ဍများစွာ တိုးတက်လာပြီး ပို့ကုန်ဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်များတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပြည်ပမှ စီးပွားရေးနှင့် ပတ်သက်၍ ပိတ်ဆို့မှုများရှိခြင်း၊ နယ်စပ်ကုန်သွယ်tရေး ထိခိုက်စေရန် အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် ကုန်ထုတ်စွမ်းအား လျော့နည်းမှုများရှိခဲ့သည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံပြီး ဒေသဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဇွန်လ ၁၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထူးခြားသောဝိသေသများကို ပိုင်ဆိုင်ထားသည့် မိတ္ထီလာခရိုင်ကို စံနမူနာပြထား၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် ဒေသဆိုင်ရာအချက်အလက်များပေါ်တွင် အခြေခံ၍ ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို စနစ်တကျတွက်ချက်လေ့လာပြီး ဆန်းစစ်ရရှိသည့် စာရင်းဇယားအချက်အလက်များဖြင့် ဒေသဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

မိတ္ထီလာခရိုင်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် ခရိုင်ဖြစ်သည်။ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါစိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ကွာဟနေသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် နည်းလမ်းလေးသွယ်ရှိပြီး မျိုးကောင်းမွန်ရန်၊ မြေပြုပြင်ရန်၊ သွင်းအားစုမှန်ကန်ရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်လိုအပ်သည်။ မြေကောင်းမွန်မှုမရှိ၍ လိုအပ်သည့်သွင်းအားစုများ ပြည့်မီအောင်ထည့်သွင်းခြင်း၊ နည်းလမ်းရှာ၍ မြေဆီလွှာကောင်းမွန်အောင် မြေပြုပြင်ဆောင်ရွက်ခြင်းတို့ အားနည်းခဲ့သဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီဘဲ ဒေသဝင်ငွေထိခိုက်စေသည်ကို တွေ့ရှိရသည်။

ပန်းတိုင်အထွက်နှုန်း လျော့နည်းခဲ့သောကြောင့် ဒေသအတွက် ဝင်ငွေကျပ်သန်းပေါင်းများစွာ ထိခိုက်နစ်နာခဲ့သဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ပြီး ခရိုင်၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို လက်တွေ့လေ့လာဆန်းစစ်ချက်များအရ တွေ့ရှိရသည်။ မိတ္ထီလာဒေသတွင် ဆီထွက်သီးနှံများ စိုက်ပျိုးကြပြီး ဆီအစားထိုးသီးနှံများဖြစ်သည့် ပဲပုပ်နှင့် နေကြာများ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ဆီအထွက်နှုန်းတိုးတက်လာပြီး စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်သည်။ ဝါသည် အခြားသီးနှံများနှင့်မတူသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

မိတ္ထီလာခရိုင်သည် ဝါသီးနှံအတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့်ဒေသဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့် ကုန်ထုတ်လုပ်ငန်းနှင့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ A Grade အဆင့်ရှိသည့်ချည်များ ထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်းမျိုးသန့်များရရှိရန်၊ စိုက်နည်းစနစ်များမှန်ကန်ရန် လိုအပ်မည်ဖြစ်သည်။ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ယခုထက်တိုးတက်အောင်မြင်အောင် ဦးဆောင်ဒေသတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြင့် ဒေသလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဒေသတွင်း စားရေးအတွက် လိုအပ်ချက်များကို ပြင်ပမှ မှာယူစားသုံးသဖြင့် ဒေသတွင်းလည်ပတ်သုံးစွဲငွေ ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်သဖြင့် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဒေသတွင်း၌ စားရေရိက္ခာ လိုအပ်ချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များကို တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတစ်ခု တိုးတက်ရေးအတွက် ဒေသခံများ၏ ကြိုးပမ်းအားထုတ်မှုသည် အဓိကကျသည်ဖြစ်ရာ ရှိပြီးဖြစ်သည့် အခြေခံကောင်းများကိုအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ခေတ္တပိတ်ထားမည်

(၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက် လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့မှ မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု ရေအေးဆိပ်ကျေးရွာ ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ရေအေးဆိပ်ကျေးရွာအနီး၌ ကျင်းပခဲ့သည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ အခမ်းအနားသို့ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းကို ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

❂ ရှေ့ဖုံးမှ

ဆွေးနွေးပြောကြားနိုင်ရန်လာရောက်စဉ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိတ္ထီလာဒေသအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိပြီး လမ်းပန်းဆက်သွယ်မှုတွင် အချက်အချာကျသည့် ထူးခြားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနှံ့သို့ သွားရောက်နိုင်သည့် လမ်းဆုံနေရာဖြစ်သည့်အတွက် အသွားအလာများပြားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများ ပြည့်စုံစွာရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာကို ဗဟိုပြု၍ စံပြဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်နှင့် အင်္ဂလိပ်တို့မိတ္ထီလာလွင်ပြင်၌ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မိတ္ထီလာတိုက်ပွဲအဖြစ် နာမည်ကြီးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုကာလအတွင်း လက်နက်ကိုင်သောင်းကျန်းသူများကို မိတ္ထီလာလွင်ပြင်၌ မြန်မာ့တပ်မတော်က စစ်ဆင်တိုက်ခိုက်ခဲ့မှုသမိုင်းဖြစ်ရပ်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိတ္ထီလာတပ်နယ်တွင် တာဝန်ထမ်းဆောင်ရသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုများအနေဖြင့် ထူးခြားသည့်သမိုင်းကြောင်း အခြေအနေများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတွင် တာဝန်ထမ်းဆောင်နေကြရခြင်းဖြစ်ကြောင်း၊ မိတ္ထီလာတပ်နယ်တွင် လက်ရုံးတပ်များ ပြည့်စုံစွာတည်ရှိပြီး သမိုင်းကြောင်းအစဉ်အလာကောင်းသည့် တပ်နယ်တစ်ခုဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရေး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များအနေဖြင့် ကွဲပြားခြားနားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသော်လည်း အားလုံးသည် တပ်မတော်သားများပင်ဖြစ်ကြောင်း၊ ရှေ့တန်းစစ်မြေပြင်တွင် ရှေ့တန်းကျကျတာဝန်ထမ်းဆောင်ရသည့် ခြေလျင်၊ ခြေမြန်တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ၊ လက်ရုံးတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်းကျန်းမာကြံ့ခိုင်မှု ရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိစေရေး လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်အတွင်းသို့ စတင်ဝင်ရောက်စဉ်ကတည်းကပင် အဆင့်အလိုက် ရှိသင့်ရှိထိုက်သည့် စစ်အတတ်ပညာရပ်များ ရရှိစေရေး သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပြီးဖြစ်သဖြင့် မိမိတို့သင်ကြားတတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ပေးထားသည့် စစ်အတတ်ပညာများကိုအသုံးချ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးလာသူများ၏အန္တရာယ်ကို ခုခံကာကွယ်နိုင်ရန်နှင့် တိုက်ခိုက်ချေမှုန်းနိုင်ရန်လိုကြောင်း၊ လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လက်တွေ့စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရာ၌ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ ဒေသအကျိုးကို အတူတကွဝိုင်းဝန်းဆောင်ရွက်**

နယ်မြေခံတပ်များဖြစ်သဖြင့် မိတ္ထီလာဒေသ၏ သမိုင်းကြောင်း၊ ပတ်ဝန်းကျင်အကြောင်းနှင့် အလေ့အထများကို သိရှိထားရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တစ်ဦးချင်း စစ်ရေးသတိရှိရန်လိုသကဲ့သို့ လက်ရုံးတပ်ဖွဲ့များအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်နိုင်ရန်အတွက် အမြဲအသင့်ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင် အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူကလေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

**○ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လို**

**○ တစ်ဦးချင်း စစ်ရေးသတိရှိရန်လိုသကဲ့သို့ လက်ရုံးတပ်ဖွဲ့များအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်နိုင်ရန်အတွက် အမြဲအသင့်ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လို**

**○ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လို**

**○ တပ်တွင်း၊ တပ်ပြင်အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွဝိုင်းဝန်းဆောင်ရွက်နေရမည်**

**○ မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူကလေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်**

**ပညာရေးအားပေးရန်နှင့် စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်**

မိတ္ထီလာဒေသတွင် ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် မိမိတို့၏သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ တစ်နေရာတည်းတွင် သင်ယူနိုင်မည့်အခွင့်အလမ်းကို အမိအရအသုံးချနိုင်ရန်လိုကြောင်း၊ **“ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်”** ဖြစ်ပြီး စာပေပညာနှင့် အသိပညာမရှိပါက ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာအတတ်ပညာကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့်ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ❂

✪ စာမျက်နှာ ၃ မှ

**ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေး အသိ၊ သတိနှင့် ယှဉ်၍ နေထိုင်စားသောက်ရန်လို**

ကျန်းမာရေးနှင့်ပတ်သက်၍လည်း မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်သန်စွမ်းအောင် နေထိုင်စားသောက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လူ့သက်တမ်းသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိသည်ကိုတွေ့မြင်ရကြောင်း၊ ထို့ကြောင့် အသိ၊ သတိနှင့်ယှဉ်၍ နေထိုင်စားသောက်ရန်နှင့် မိမိအတွက်အကျိုးမရှိသည့် အသောက်အစား၊ အပျော်အပါးများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ ထို့ပြင် တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကိုလည်း ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီအသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

**သက်သာချောင်ချိရေးနှင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံဖြစ်စေရေး**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုဝင်များ၏ မီးဖိုချောင်စားရေးကို အထောက်အကူဖြစ်စေနိုင်သည့်သီးနှံများကို စိုက်ပျိုးခြင်းဖြင့် ပိုလျှံလာသည့် ငွေကြေးများကိုအခြားနေရာများ၌ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှု အဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မိတ္ထီလာ-ကျောက်ပန်းတောင်း-မကွေး ကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့တွင် မိတ္ထီလာ-ကျောက်ပန်းတောင်း-မကွေးကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းဘေးရှိလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး ယူကလစ်၊ ကုက္ကို တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၀၀၀ စိုက်ပျိုးထားမှုနှင့် တမာ၊ ကုက္ကို၊ မဲဇလီ တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၅၀၀ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အပူပိုင်းဒေသ ကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်လာစေရန်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေရန်၊ ဒေသခံနှင့် ခရီးသွား ပြည်သူများအရိပ်ခိုနားနေနိုင်ရန်၊ သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးကို အထောက်အကူဖြစ်စေရန်နှင့် သစ်ပင်သစ်တောများ ဖြစ်ထွန်းလာမှုကြောင့် ရာသီဥတုမျှတကောင်းမွန်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ကားလမ်းဘေး ဝဲ၊ ယာ သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ အပူပိုင်းဒေသများတွင် တစ်ရွာ နှစ်ဧက စိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ အထူးစိမ်းစိုက်ခင်းနှင့် ရေဝေရေလဲဒေသ စိုက်ခင်းတည်ထောင်ခြင်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အမြဲတမ်းပျိုးဥယျာဉ်အတွင်း သစ်မျိုး ၂၂ မျိုးဖြင့် ပျိုးပင် ၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သက်တမ်း နှစ်နှစ်အထက် နှစ်ပေအထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရေး၊ သစ်ပင်စိုက်ပွဲတော်များနှင့် လူထုဖြန့်ဝေစိုက်ပျိုးရေးများအတွက် ပျိုးပင်များ လုံလောက်စွာ ပံ့ပိုးပေးနိုင်ရေးနှင့် သစ်ပင်စိုက်ပျိုးခြင်းကို မိုးအမီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်-ငွေးချို ကားလမ်းဘေး ဝဲ၊ ယာ ၂၀၂၄ ခုနှစ် မိုးရာသီ တမာ၊ ယူကလစ် တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၇၀၀ စိုက်ပျိုးထားမှု၊ ကားလမ်းဘေး ဝဲ၊ ယာ ပေ ၂၀ ပန္နက်ဖြင့် သုံးပင်တန်း (ဝက်ခေါင်းထိုးစနစ်-Zigzag) စိုက်ပျိုးထားမှု၊ ငွေးချို-ရေနံချောင်း ကားလမ်းမဘေး ဝဲ၊ ယာ ၂၀၂၄ ခုနှစ် မိုးရာသီ ဖျောက်ဆိပ်၊ တမာ၊ ယူကလစ် တစ်အုပ်တစ်မ စိုက်ခင်းများ စိုက်ပျိုးထားမှု၊ လမ်းဘေး ဝဲ၊ ယာ ပေ ၂၀ ပန္နက်ဖြင့် သုံးပင်တန်း စိုက်ပျိုးနေမှုနှင့် ရေနံချောင်းမြို့နယ်ရှိ မကွေး-ရေနံချောင်း ကားလမ်းဘေး ဝဲ၊ ယာ တမာ၊ ယူကလစ် အပင် ၂၀၀၀ ကိုသုံးပင်တန်းဖြင့် စိုက်ပျိုးထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေနံချောင်းမြို့နယ်ရှိ နတ်ကန်ဦး ကြိုးပြင်ကာကွယ်တောရှိ အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်း Greening Complex Zone ဧရိယာအတွင်း စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော စိုက်ခင်းများ၊ ရေနံချောင်းမြို့နယ် ယင်းမချောင်းကြိုးပြင်ကာကွယ်တော အတွင်းရှိ ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၂၀၊ ၂၀၂၄ ခုနှစ် မိုးရာသီ အထူးစိမ်းတစ်အုပ်တစ်မစိုက်ခင်း အပင် ၃၀၀၀၊ ယင်းမချောင်းကျေးရွာ ၂၀၂၄ ခုနှစ် တစ်ရွာ နှစ်ဧက စိုက်ခင်း၊ အုတ်လှကျေးရွာ ၂၀၂၄ ခုနှစ် တစ်ရွာ နှစ်ဧက ဘက်စုံသုံးစိုက်ခင်း၊ မကွေးမြို့နယ်ရှိ မကွေး-ရေနံချောင်းကားလမ်းဘေး ဝဲ၊ယာ တမာ၊ ယူကလစ် အပင် ၁၅၀၀ ကို ပေ ၂၀ ပန္နက်ဖြင့် သုံးပင်တန်း စိုက်ပျိုးထားမှုနှင့် မကွေး-ကံပြား ကားလမ်းဘေး တမာ တစ်အုပ်တစ်မစိုက်ပျိုးထားမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ မိုးရာသီတွင် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း တစ်ရွာ နှစ်ဧက စိုက်ခင်းတည်ထောင်ခြင်း အပင် နှစ်သန်း၊ ကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်း အပင် ၂၆၅၀၀ နှင့် ရေဝေရေလဲ၊ ကျေးရွာထင်းစိုက်ခင်း၊ အထူးစိမ်းစိုက်ခင်းနှင့် တောင်တန်းစိုက်ခင်းအတွက် အပင် ငါးသန်း စုစုပေါင်း အပင် ခုနစ်သန်းကျော် စိုက်ပျိုးဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင်

## တို့အကြောင်းနှင့် ဒါတို့ပြည် ဒါတို့မြေ

"တဝမ်းပူလုံးကြီးတင် တစ်ချောင်းငင်အောက်မြစ်" "တို့" ဟူသော စကားခွန်း၏အနက်နှင့် အဓိပ္ပာယ် မကျဉ်းမကျယ် ဆန်းစစ်ကြည့်ကြပါမည်။ "တို့"၏အနက်ဆိုသည်မှာ "တို့"၌ပင်ကိုရှိသော သဘောဖြစ်ပြီး "တို့"၏ အဓိပ္ပာယ်ဆိုသည်မှာ "တို့"၏အနက်ကို အခြေခံ၍သိရသော သဘောဖြစ်သည်။ တစ်နည်းဆိုသော် အနက်ဆိုသည်မှာ ရင်းမြစ်နက်ဖြစ်ပြီး အဓိပ္ပာယ်ဆိုသည်မှာ အဘိဓာန်ဖွင့် အဓိပ္ပာယ်ဖြစ်သည်။ အနက်ကို "အရှိ" အဓိပ္ပာယ်ကို "အသိ"ဟုလည်း မှတ်ယူနိုင်ပါသည်။ ဆရာကြီးဦးဖိုးစိန်က သူ၏ မြန်မာစကားနက်ကျမ်းတွင် သဒ္ဒါနက်နှင့် အဓိပ္ပာယ်နက်ဟု အမည်ပေးပါသည်။

"တို့" ဟူသောစကားခွန်းသည် မြန်မာတို့ စကားပြောရာတွင်လည်းကောင်း၊ စာရေးရာတွင်လည်းကောင်း၊ ရှောင်လွှဲမရအောင် အလွန်အသုံးတွင်ကျယ်သော စကားခွန်းဖြစ်ပါသည်။ "တို့"ကို ကြိယာအဖြစ်လည်းသုံးသည်။ ပစ္စည်းအဖြစ်လည်းသုံးသည်။ နာမ်စားအဖြစ်လည်းသုံးသည်။ နာမ်အဖြစ်လည်းသုံးသည်။ "တို့"၏ ရင်းမြစ်နက်ကို ထားဦး၍ "တို့"အသုံးအနှုန်းနှင့် အဓိပ္ပာယ်ကို ယခုလေ့လာကြည့်ကြပါမည်။

**ကြိယာ "တို့"**

"တို့"ကို ကြိယာအဖြစ် အောက်ပါအဓိပ္ပာယ်များဖြင့် သုံးနှုန်းကြသည်ကိုတွေ့ရပါသည် -

၁။ အသာအယာထိသည်။

**သာဓက။** ။ - မီးကို လက်နှင့် **တို့**ကြည့်လျှင် ပူမည်။
- ဆေးလိပ်ကို မီး**တို့**ခဲ့ပါ။

၂။ သာမန်မျှ ရေးမှတ်သည်။

**သာဓက။** ။ - တိုင်တွင် ထုံး**တို့**သည်။
- ဒီဖုန်းနံပါတ်ကလေး**တို့**ထားလိုက်စမ်းပါ။
- မင်းတို့ဆရာကိုစာရင်း**တို့**ကာထားလိုက်ကြပေတော့။

၃။ (ချဉ်ဖတ် စသည်ကို ငါးပိနှင့်တွဲ၍ ထမင်းတွင်) မြှုပ်စားသည်။

**သာဓက။** ။ - အိမ်မှာလုပ်တဲ့ ခံတက်ချဉ်လေး အားရပါးရ**တို့**စမ်းပါ။
- တို့စရာတွေများလို့ ဘာ**တို့**ရမှန်းတောင် မသိတော့ဘူး။

၄။ တိတ်တဆိတ်သတင်းပေးသည်။

**သာဓက။** ။ - ရဲကိုလည်း **တို့** လိုက်ရော၊ ချဲဒိုင်လည်း ပြေးရော။
- အထက်အရာရှိကို **တို့**တတ်လွန်းလို့သူ့ကိုရှောင်ကြတယ်။

၅။ ကျီစားသည်။ စသည်။ နှောက်သည်။

**သာဓက။** ။ - ကလေးကိုငိုအောင်မ**တို့**ပါနဲ့။
- ကြောက်ပါတယ်ဆိုကြောင်နဲ့ **တို့**။
- ကျွန်မကို ဒီမုဆိုးဖိုနဲ့**တို့**တာတော့ မခံနိုင်ဘူး။

၆။ ယှဉ်သည်၊ ဖက်သည်၊ စမ်းသည်။

**သာဓက။** ။ - သဘင်ဝယ်ယှဉ်မ**တို့**လာနှင့်၊ သခင်တို့ဦးချီ။

"တို့"ကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဓိပ္ပာယ် ခြောက်မျိုးဖြင့် ကြိယာအဖြစ် သုံးနှုန်းကြသည်ကို တွေ့နိုင်ပါသည်။ ထိုကြိယာခြောက်မျိုးတို့သည် ကြိယာတစ်ခုနှင့်တစ်ခု အဓိပ္ပာယ်ဆက်နွှယ်နေကြသည်ကိုလည်း တွေ့နေရပါသည်။ ထိုအဓိပ္ပာယ်ခြောက်မျိုးတွင် "အသာအယာထိသည်" ဟူသော အဓိပ္ပာယ်သည် အခြေခံဖြစ်သော အဓိပ္ပာယ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အသာအယာထိသည် "တို့" ၏ အဓိပ္ပာယ်ကို "အသာအယာထိသည်" ဟု မဖွင့်ဆိုဘဲ "ထိသည်"ဟု ဖွင့်လျှင် "တို့"၏ အဓိပ္ပာယ်ကိုသာမက "တို့" ၏ အနက်ကိုပါဖွင့်ပြီး၊ ဖော်ပြီးဖြစ်ပေလိမ့်မည်။ "တို့" ၏ အနက်ကို "ထိ" ဟုဖွင့်လျှင် "တို့၊ ထိ" တို့၏ "ပေါင်းစည်း၊ ဆက်စပ်" ဟူသော ရင်းမြစ်နက်သည် ပေါ်လွင်လာပါလိမ့်မည်။ သို့ရာတွင် "တို့" ကို "ထိသည်" ဟု ယေဘုယျအဓိပ္ပာယ်မဖွင့်ဆိုဘဲ "အသာအယာထိသည်"ဟု ဝိသေသအဓိပ္ပာယ်ဖွင့်ဆိုသည်မှာ "တို့"၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်ထိမိစေလို၍ဖြစ်သည်ဟု မှတ်ယူရပါမည်။ အဘယ်ကြောင့်ဆိုသော် "တို့" ၏ အဓိပ္ပာယ်မှာ ကြမ်းကြမ်းတမ်းတမ်း၊ ပြင်းပြင်းထန်ထန်၊ အရှိန်အဟုန်ဖြင့် ထိသည်ဟုဆိုလိုခြင်းမဟုတ်၊ အသာအယာ၊ ဖြည်းဖြည်းညင်းညင်း ထိသည်ဟု ဆိုလိုခြင်းကြောင့် ဖြစ်ပေသည်။

ထို့ပြင် "တို့"နှင့်"ထိ" အဓိပ္ပာယ်ချင်းတူသော်လည်း "ထိ"၏ အဓိပ္ပာယ်သည် သုဒ္ဓကြိယာ၏ အဓိပ္ပာယ်လည်းဖြစ်သည်။ ကာရိုက်ကြိယာ၏ အဓိပ္ပာယ်လည်းဖြစ်သည်။ တစ်နည်းဆိုသော် ဖြစ်ခြင်းပြကြိယာလည်းဖြစ်သည်။ ပြုခြင်းပြကြိယာလည်းဖြစ်သည်။ "တို့"၏ အဓိပ္ပာယ်မှာမူ သုဒ္ဓကြိယာ၏ အဓိပ္ပာယ်ထက် ကာရိုက်ကြိယာ၏ အဓိပ္ပာယ်က ပိုကဲနေပါသည်။ တစ်နည်းဆိုသော် ဖြစ်ခြင်းပြကြိယာသဘောထက် ပြုခြင်းပြကြိယာသဘောက ပိုကဲနေပါသည်။ ဖော်ပြခဲ့သော "တို့" ၏ အဓိပ္ပာယ် ခြောက်ရပ်နှင့် သာဓကဝါကျများကို လေ့လာလျှင် "တို့"သည် သုဒ္ဓကြိယာမဟုတ်၊ ကာရိုက်ကြိယာသာဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

(ဆက်လက်ဖော်ပြပါမည်)

## (၅) ကြိမ်မြောက် လန်ချန်း- မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ

နေပြည်တော် ဇွန် ၁၆

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့တွင် ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် လန်ချန်း - မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနား (5th Lancang–Mekong Audiovisual Week) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းမြို့ ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ရောက်ရှိကြရာ ယူနန်ပြည်နယ် ရေဒီယိုနှင့် ရုပ်သံစီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုကြသည်။

အဆိုပါ (၅) ကြိမ်မြောက် လန်ချန်း - မဲခေါင် ရုပ်သံ သီတင်းပတ် အခမ်းအနားကို လန်ချန်း - မဲခေါင် (၆) နိုင်ငံအကြား ရုပ်သံထုတ်လွှင့်ခြင်း၊ ရုပ်သံနှင့်အွန်လိုင်း ရုပ်သံမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ ပိုမိုတိုးမြင့်လာစေရန်၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ယဉ်ကျေးမှု ဆွေးနွေးပွဲများ တိုးမြင့်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တရုတ်အမျိုးသား ရေဒီယိုနှင့် ရုပ်သံစီမံခန့်ခွဲရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ချောင်းသာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်

ချောင်းသာ ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် ပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာဓမ္မရက္ခိတဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ချောင်းသာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများဖြစ်သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းရခြင်းနှင့် ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရခြင်းအကြောင်းရင်းများ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့် ကာလ၊ စစ်မှုထမ်းခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရသူများအကြောင်းကိုလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးဇင်မင်းထိုက်၊ ချောင်းသာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဘုန်းမြင့်ဖြိုးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန(ချောင်းသာမြို့ရုံး)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းများ၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မများ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကံကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၀ ခန့်တက်ရောက်ကြပြီး ပြည်သူများ၏ သိရှိလိုသည့်ဆွေးနွေးမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အမှန်တရားကို မျက်ကွယ်ပြု ရည်ရွယ်ချက်ရှိရှိ ဇာတ်နာအောင်လုပ်ကြသူတွေ

မြန်မာနိုင်ငံကနေ နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီအရေးနဲ့ပတ်သက်ပြီး ပြောနေဆိုနေကြတာတွေဟာ ပြည်သူတွေကြားမှာ အထူးအဆန်းမဟုတ်တော့ပါဘူး။ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသွားကြတယ်ဆိုတဲ့ ဘင်္ဂါလီ (၎င်းတို့အဆို ရိုဟင်ဂျာ) ကိစ္စနဲ့ပတ်သက်လို့ ပြည်ပနိုင်ငံတွေ၊ ကုလသမဂ္ဂလို အဖွဲ့အစည်းတွေ၊ ပြည်ပအခြေစိုက်မီဒီယာတွေက အစဉ်တစိုက် ပြောဆိုကြတာတွေကို မရိုးနိုင်အောင် ကြားခဲ့ကြရမှာဖြစ်ပါတယ်။

ကိုရဲချမ်း

**“ဘင်္ဂါလီတွေကို ခုတုံးလုပ်ပြီး မမှန်ကန်တဲ့ လုပ်ရပ်တွေနဲ့ပတ်သက်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်တိုင် အမှန်ကိုထုတ်ဖော်ပြောဆိုလာပါတယ်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)ဟာ ဒုက္ခသည်တွေနဲ့ပတ်သက်လို့ စီးပွားရေးသဖွယ် လုပ်ကိုင်နေတာကြောင့် ဒုက္ခသည်တွေမရှိတော့ပါက ၎င်းတို့အနေနဲ့ အလုပ်လက်မဲ့အခြေအနေဆိုက်မှာစိုးလို့ ဘင်္ဂါလီဒုက္ခသည်တွေသာမက ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်တွေကို ၎င်းတို့ရဲ့ မိခင်နိုင်ငံတွေကို ပြန်သွားဖို့ မတိုက်တွန်းဘဲ လက်ခံထားတဲ့နိုင်ငံတွေမှာသာနေထိုင်ဖို့နဲ့ ၎င်းတို့ဘက်မှ လိုအပ်တာတွေကို ထောက်ပံ့ပေးပါမယ်လို့ ပြောဆိုနေကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ ဘင်္ဂါလီတွေကို နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ပတ်သက်လို့ မြန်မာနိုင်ငံနဲ့ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ အခြား တတိယနိုင်ငံ / အဖွဲ့အစည်း (Third Party)တွေက ဝင်ရောက်ဆောင်ရွက်ပေးဖို့ မလိုအပ်ဘူးလို့ ထင်မြင်ပါတယ်တဲ့”**

## အမှန်တရားဖုံးကွယ်

အခြေအနေမှန်ကို မသိကြတဲ့သူတွေ၊ သိလျက်နဲ့ မသိချင်ယောင်ဆောင်နေတဲ့သူတွေအနေနဲ့ နေရပ်စွန့်ခွာတဲ့သူတွေလို့ဆိုတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွေက ဘင်္ဂါလီတွေကို မြန်မာနိုင်ငံကပဲ မောင်းထုတ်လိုက်သလိုလို၊ ပြန်မလာနိုင်အောင် ပြုလုပ်နေသလိုလို၊ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံနေရသလိုလိုဆိုတဲ့ အသံတွေပဲ ကြားကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘင်္ဂါလီတွေအပေါ် လူမျိုးတုံးသတ်ဖြတ်လို့ ရာဇဝတ်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေကို အသိအမှတ်ပြုဖို့၊ ရာဇဝတ်မှုကျူးလွန်သူအားလုံးကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICC)နဲ့ အခြားနိုင်ငံတကာ ခုံရုံးတွေကတစ်ဆင့် တရားစီရင်ဖို့နဲ့ ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ဖို့၊ တရားမျှတမှုရှိစေဖို့အတွက် ကြိုးပမ်းမှုတွေမှာ ပံ့ပိုးကူညီဖို့၊ ဘင်္ဂါလီတွေကို အကာအကွယ်ပေးတာတွေ မြှင့်တင်ဖို့ဆိုတာတွေကိုပဲ တစိုက်မတ်မတ် ပြောဆိုနေကြပါတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်/တံခါးဖွင့် အစည်းအဝေးတွေအထိတောင် နေရပ်စွန့်ခွာ ဘင်္ဂါလီတွေရဲ့အရေးဟာ အမြဲလိုလို မပါမဖြစ်ပါနေခဲ့ပါတယ်။ အနောက်နိုင်ငံတွေရယ်၊ OIC နိုင်ငံတွေနဲ့ မကင်းရာမကင်းကြောင်းနိုင်ငံတွေက ကန့်ကွက်မှုတွေ၊ ဖိအားပေးမှုတွေ၊ တွန်းအားပေးမှုတွေ လုပ်ကြပါတယ်။ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာဟာ နောက်ခံသမိုင်းကြောင်း ရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာတစ်ရပ် ဖြစ်ပါတယ်။ တကယ်တော့ ပြဿနာရှိရင် အဖြေရှိရမှာဖြစ်ပါတယ်။ ရိုးရိုးသားသား လုပ်ကိုင်ကြမယ်ဆိုရင် ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်ပါတယ်။ မရိုးသားဘဲ မမှန်ကန်တဲ့ လုပ်ရပ်တွေ၊ ရည်ရွယ်ချက်တွေ၊ အသုံးချမှုတွေရှိနေတာကြောင့် ဖြေရှင်းမရတဲ့ ပြဿနာဖြစ်နေတာပါ။

## ထူးဆန်းသလိုဖြစ်နေ

တကယ်တမ်းမှာ အနှီဒုက္ခသည် ဘင်္ဂါလီတွေကို ခုတုံးလုပ်၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုက်အဝန်းတွေနဲ့ ချိတ်ဆက်ပြီး နည်းလမ်းပေါင်းစုံဆောင်ရွက်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ၎င်းတို့ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာနဲ့ ဂုဏ်သိက္ခာရှိရှိ ရေရှည်တည်တံ့တဲ့ နေရပ်ပြန်ပို့ရေးဆိုတာတွေကို လေသံကောင်းတွေလွှင့်ပြီး ပြောနေ၊ ဆိုနေကြပေမယ့် အမှန်တရားကို ပုံဖျက်ပြီး ရည်ရွယ်ချက်ရှိရှိ လုပ်နေတဲ့ အဖြစ်မှန်တွေကိုလည်း ထုတ်ဖော်ပေးဖို့ လိုပါတယ်။ နိုင်ငံရေးအမြတ်ထုတ်လိုသူတွေ၊ စားပေါက်ထွင်လိုတဲ့သူတွေ၊ အချောင်နှိုက်လိုသူတွေ ရှိနေတာကို သိဖို့လိုပါတယ်။ ဘင်္ဂါလီအရေး ပြောဆိုနေကြတာတွေဟာ အထူးအဆန်းလို မဟုတ်ပေမယ့် နောက်ကွယ်က အခြေအနေမှန်ကို ကွဲကွဲပြားပြား သိရင်တော့ ထူးဆန်းသလိုဖြစ်မှာ သေချာပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ ဘင်္ဂါလီဒုက္ခသည်အရေးဟာ မြစ်ပွားနာလို အမြစ်မပြတ်နိုင်ဖြစ်နေပါတယ်။ သမိုင်းတစ်လျှောက် ဖြေရှင်းမရဖြစ်နေတဲ့ ဒုက္ခသည်အရေးရဲ့ အခြေအနေမှန်ကို ပွင့်လင်းမြင်သာစွာ သိဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၆–၂၀၁၇ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ နိုင်ငံတကာတရားရုံးမှာ မြန်မာနိုင်ငံမှ အဲဒီကာလအစိုးရက သွားရောက်ဖြေရှင်းခဲ့ပြီး ဖြစ်ပါတယ်။ မျက်မှောက်ကာလမှာလည်း သတ်မှတ်ထားတဲ့ အချက်တွေအတိုင်း နိုင်ငံကို တာဝန်ယူထားတဲ့ အစိုးရက သွားရောက်ဖြေရှင်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ ပြဿနာဟာ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားတွေကို ပုံဖော်နေကြတာ၊ နိုင်ငံရေးအမြတ်ထုတ်တာ၊ အခွင့်အရေးတွေ ယူနေတာကြောင့် အဆုံးမသတ်နိုင်တဲ့ ပြဿနာဖြစ်နေပါတယ်။

## အလေးပေးဖော်ပြ

ဘင်္ဂါလီတွေကို ခုတုံးလုပ်ပြီး မမှန်ကန်တဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်တိုင် အမှန်ကိုထုတ်ဖော်ပြောဆိုလာပါတယ်။ ဘင်္ဂါလီတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကင်ဆာဆဲလ်တွေလို ဖြစ်နေပါတယ်တဲ့။ မြန်မာနိုင်ငံအနေနဲ့ ဘင်္ဂါလီတွေကို ပြန်လည်ခေါ်ဆောင်ဖို့ အစီအစဉ်တွေရှိတာ မှန်ပေမယ့်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နဲ့ အခြားနိုင်ငံတွေက သူတို့ကို မြန်မာနိုင်ငံကို မပြန်ဖို့၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းတွေမှာသာ နေထိုင်ဖို့နဲ့ စားရေရိက္ခာတွေနဲ့ လိုအပ်တာတွေကို ထောက်ပံ့ပေးမယ်လို့ ပြောကြားတာတွေရှိပါတယ်တဲ့။ ၁၉၉၀ ပြည့်နှစ်ကာလတွေမှာ မြန်မာနိုင်ငံဟာ ဘင်္ဂါလီတွေကို အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ဒါဟာ ထိုစဉ်က မီဒီယာတွေ နည်းပါးတာကြောင့်ဖြစ်ကာ ယခုအခါမှာ အနောက်နိုင်ငံနဲ့ OIC တို့က မွေးကျွေးထားတဲ့ နိုင်ငံတကာမီဒီယာတွေ၊ ပြည်တွင်းမီဒီယာတွေကပါ နေရပ်မပြန်ရေးကို အလေးပေးဖော်ပြနေတယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)ဟာ ဒုက္ခသည်တွေနဲ့ပတ်သက်လို့ စီးပွားရေးသဖွယ်လုပ်ကိုင်နေတာကြောင့် ဒုက္ခသည်တွေ မရှိတော့ပါက ၎င်းတို့အနေနဲ့ အလုပ်လက်မဲ့အခြေအနေဆိုက်မှာစိုးလို့ ဘင်္ဂါလီဒုက္ခသည်တွေသာမက ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်တွေကို ၎င်းတို့ရဲ့ မိခင်နိုင်ငံတွေကို ပြန်သွားဖို့ မတိုက်တွန်းဘဲ လက်ခံထားတဲ့နိုင်ငံတွေမှာသာ နေထိုင်ဖို့နဲ့ ၎င်းတို့ဘက်မှ လိုအပ်တာတွေကို ထောက်ပံ့ပေးပါမယ်လို့ ပြောဆိုနေကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ ဘင်္ဂါလီတွေကို နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံနဲ့ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ အခြား တတိယနိုင်ငံ/အဖွဲ့အစည်း (Third Party)တွေက ဝင်ရောက်ဆောင်ရွက်ပေးဖို့မလိုအပ်ဘူးလို့ထင်မြင်ပါတယ်တဲ့။

## မက်လုံးပေးစည်းရုံး

ဒါ့အပြင် တတိယနိုင်ငံ/တတိယအဖွဲ့အစည်းတွေဟာ နေရပ်ပြန်လည်ပို့ဆောင်ဖို့ မြန်မာနိုင်ငံမှာ အခြေအနေကောင်းတွေမရှိသေးကြောင်း၊ နိုင်ငံသားရရှိမည်မဟုတ်ကြောင်းနဲ့ ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ကောင်းတွေမရှိကြောင်း စသဖြင့် ပြောကြားနေမှုတွေကြောင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေ မစတင်နိုင်ဘဲ ဖြစ်နေပါတယ်တဲ့။ အိန္ဒိယ၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေက နေရပ်စွန့်ခွာသွားသူတွေအတွက် မြန်မာနိုင်ငံမှာ နေအိမ်တွေ ဆောက်ပေးထားသော်လည်း အခြေအနေကောင်းတွေ ဖန်တီးထားခြင်းမရှိတာကြောင့် နေရပ်မပြန်ဖို့နဲ့ ၎င်းတို့နိုင်ငံကို ခေါ်ဆောင်မှာဖြစ်ကြောင်း အမေရိကန်နိုင်ငံကိုယ်တိုင်က မဟုတ်တဲ့ မက်လုံးပေး စည်းရုံးပြောကြားနေတာတွေလည်း ရှိနေပါတယ်တဲ့။

ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်းများစွာ လုပ်ကိုင်လျက်ရှိရာမှာ အလှူငွေတွေကို ဘယ်လောက်ရရှိလို့ ဘယ်လိုရရှိတယ်၊ ဘယ်လောက်ထိရောက်တဲ့ လုပ်ငန်းတွေမှာ ဘယ်လိုပမာဏနဲ့ သုံးစွဲနေတယ်စတာတွေကို မသိရှိရလို့ အဲဒီအဖွဲ့အစည်းတွေကို တတ်နိုင်သရွေ့ အမြန်ဆုံး ပိတ်သိမ်းသင့်တယ်၊ ဘယ်အဖွဲ့အစည်းက ဘယ်ကဏ္ဍအတွက် ဆောင်ရွက်နေတာကိုပင် မသိရှိနိုင်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ အဆိုပါနိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေကို ကြပ်မတ်ဆောင်ရွက်နေတယ်ဆိုတာတွေကို ဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာ ကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ယခင်ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အေကေ အဗ္ဗဒူ မိုမန်က ဘင်္ဂလားဒေ့ရှ် သတင်းမီဒီယာတစ်ခုဖြစ်တဲ့ (Daily Jugantor) သတင်းဌာနနဲ့ပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

## အဖြစ်မှန်ကိုသိကြရပြီ

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေး အစီအစဉ်တွေကို မြန်မာနိုင်ငံက တစိုက်မတ်မတ် မျက်ခြည်မပြတ် ပြုလုပ်ပေးလျက်ရှိပေမယ့်လည်း နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း မမှန်မကန်စွပ်စွဲပြောဆို ဖိအားပေးမှုတွေ ရှိခဲ့ပါတယ်။ လက်တွေ့မှာ မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရ ညှိနှိုင်းသဘောတူညီမှုတွေနဲ့ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်မဖော်နိုင်သေးဘဲ ရပ်တန့်နေတဲ့ အကြောင်းရင်းမှန်တွေကို ဖုံးကွယ်ထားတာဟာ မရိုးသားတဲ့အချက် ဖြစ်ပါတယ်။ ယခု ဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)နဲ့ အခြားနိုင်ငံတွေ၊ မီဒီယာတွေက ဘင်္ဂါလီတွေ နေရပ်မပြန်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာတွေကို ရှင်းရှင်းလင်းလင်း ပြောကြားလိုက်လို့ အဖြစ်မှန်တွေကို ထင်ရှားပေါ်လွင်စွာ သိကြရပြီဖြစ်ပါတယ်။ ဒီအင်တာဗျူး ဖြေကြားချက်တွေဟာ အနောက်မီဒီယာတွေ၊ OIC ရဲ့ အကျွေးအမွေးနဲ့ အမှန်တရားကို မျက်စိမှိတ်နေတဲ့ မီဒီယာတွေကတော့ ဆက်ဖြန့်ဖို့ စိတ်ကူးရှိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်သတင်းမီဒီယာတစ်ခုဖြစ်တဲ့ (Daily Jugantor) သတင်းဌာနရဲ့ ပျံ့နှံ့နိုင်တဲ့ ဧရိယာအတွင်းက အစိုးရတာဝန်ရှိသူတွေ၊ ကမ္ဘာ့ပြည်သူ ပြည်သားတွေ သိသွားနိုင်မှာပါ။

ဒါ့အပြင် တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတွေမှာ ARSA အကြမ်းဖက်သမားတွေ စိမ့်ဝင်ရောနှောနေထိုင်ပြီး

စာမျက်နှာ ၇ သို့ ○

**“ဘင်္ဂါလီဆိုတာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ မူလဇာတိဖြစ်ပါတယ်။ သမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ခိုးဝင်ပြဿနာတွေကို ခေတ်အဆက်ဆက်အစိုးရတွေက ဖြေရှင်းနေရပါတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားနေထိုင်ခဲ့တဲ့သူတွေမှန်ရင်၊ မြန်မာနိုင်ငံဥပဒေတွေနဲ့ကိုက်ညီရင် အချိန်မရွေးလက်ခံဖို့ အသင့်ရှိပါတယ်။ ဥပဒေအချက်အလက်တွေနဲ့မကိုက်ညီရင်တော့ လက်ခံလို့မရပါဘူး။ မြန်မာနိုင်ငံအနေနဲ့ လူသားချင်းစာနာထောက်ထားပြီး လူ့အခွင့်အရေးကိုအလေးထားကာ နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံရဲ့ဥပဒေတွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်နဲ့ စနစ်တကျပြန်လည်လက်ခံနိုင်ဖို့ တစိုက်မတ်မတ် အသင့်ပြင်ဆင်ပေးထားပါတယ်။ မြန်မာနိုင်ငံကို ပြန်မလာနိုင်တဲ့အကြောင်းရင်းကတော့ ဒုက္ခသည်တွေနဲ့ ဒုက္ခသည်တွေကို ကယ်တင်နေတယ်လို့ ဗန်းပြလုပ်စားနေတဲ့သူတွေ အသိဆုံးဖြစ်ပါတယ်”**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားနှင့် ပြည်သူ့ဆေးရုံ မှော်ဘီမြို့ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားများ တက်ရောက်



**နေပြည်တော် ဇွန် ၁၆**

မှော်ဘီမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က နှစ်ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ပြည်သူ့ဆေးရုံ မှော်ဘီမြို့၏ နှစ်ထပ်ကုသဆောင်သစ်သည် ၁၆၈၀၀ စတုရန်းပေအကျယ်အဝန်းရှိကာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅၉ ဒသမ ၂၀၀ သန်း ကုန်ကျခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ အထူးအဖွဲ့ (၂) ကို လုပ်ငန်းအပ်နှံ၍ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၂၄ ခုနှစ် မတ် ၃၀ တွင် လုပ်ငန်းများပြီးစီးခဲ့ကြောင်း၊ အဆိုပါ အဆောက်အအုံမြေညီထပ်တွင် အရေးပေါ်လူနာစမ်းသပ်ခန်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ကြပ်ကြည့်ရှုခန်း၊ သားဖွားခန်း နှစ်ခန်း၊ မွေးပြီးလူနာစောင့်ကြပ်ကြည့်ရှုခန်း၊ မွေးကင်းစကလေးလူနာစောင့်ကြပ်ကြည့်ရှုခန်း၊ စတိုခန်း၊ ဆေးပေးခန်းတို့ပါဝင်ပြီး ပထမထပ်တွင် အမျိုးသမီးလူနာဆောင်များ၊ ကြပ်မတ်ကုသခန်း၊ ကလေးလူနာကုသခန်းတို့ ပါဝင်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်ထပ်ဆေးကုသဆောင်သစ်တွင် လူနာများအသုံးပြုရန်အတွက် လေအေးပေးစက် အလုံး ၂၀ ကို လှူဒါန်းရာမြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောမြထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် နှစ်ထပ်ကုသဆောင်သစ် မြေညီထပ်တွင်ရှိသည့် သားဖွားခန်း နှစ်ခန်း၊ မွေးပြီးလူနာခန်း၊ မွေးကင်းစကလေး လူနာခန်း၊ ပထမထပ်ရှိ အရေးပေါ်လူနာကြပ်မတ်ခန်း၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးစတိုခန်းများကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက လူနာများ စိုက်ထုတ်ကုန်ကျရသည့် ဆေးကုသစရိတ် လျော့နည်းစေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးထားသောဆေးဝါးများဖြင့် လူနာများအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများကို အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းတို့က ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေး သိုလှောင်အအေးခန်း သုံးထပ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း သုံးထပ်အဆောက်အအုံသစ်မြေညီထပ်တွင်ရှိသည့် အအေးခန်းများအတွင်း ကာကွယ်ဆေးများ သိုလှောင်ထားရှိမှု၊ ဆက်စပ်ဆေးပစ္စည်း (Dry Stock) များ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ကာကွယ်ဆေးသိုလှောင်အအေးခန်း သုံးထပ်ဆောင်သစ်၏အဆောက်အအုံ၊ ရေ၊ မီးတို့အတွက် ကုန်ကျစရိတ်သည် ခန့်မှန်းတန်ဖိုး မြန်မာကျပ်သိန်းပေါင်း ၇၀၈၇ သိန်းခန့် (အမေရိကန်ဒေါ်လာ – ၃၃၇၅၀၀ $) ကျခံကာ GAVI အထောက်အပံ့ဖြင့် Ultra Company Ltd. က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် လိုအပ်သောကာကွယ်ဆေး နှစ်လစာကို သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Ultra Company Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဟိန်းထွန်းဦးက အဆောက်အအုံနှင့် ပတ်သက်သောစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း သုံးထပ်အဆောက်အအုံသစ်သည် အလျားပေ ၆၀၊ အနံ ၄၈ ပေ၊ အမြင့် ၃၉ ပေရှိသော သုံးထပ်ဆောင်အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ကာကွယ်ဆေးများကို သိုလှောင်ထားရှိမည့် (30m3 capacity) Walk in cooler အအေးခန်း တစ်လုံး၊ (20m3 capacity) ရှိ Walk in freezer အအေးခန်း တစ်လုံး၊ Washing room တစ်ခန်း၊ Dry store တစ်ခန်းနှင့် အအေးလမ်းကြောင်း ရုံးခန်း တစ်ခန်း ပါဝင်ကြောင်း၊ ပထမထပ်တွင် ရုံးခန်း တစ်ခန်း၊ Function Room သုံးခန်း၊ ဒုတိယထပ်တွင် သင်တန်းခန်းမကျယ် တစ်ခန်းနှင့် Store တစ်ခန်း၊ Function Room တစ်ခန်း၊ အစားသောက်ပြင်ဆင်ခန်းတစ်ခန်းတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ဥက္ကလာပမြို့နယ်၌ ပန်းခင်းစီမံချက်-၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်းစီမံချက်–၃ ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးအောင်ကိုဦး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အမှတ် (၉) ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



❍ စာမျက်နှာ ၆ မှ

အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေရှိနေတာတွေကို ဘင်္ဂလားဒေ့ရှ်အစိုးရက ကိုင်တွယ်ရှင်းလင်းနေရပါတယ်။ ၎င်းတို့ရဲ့ဒုက္ခသည်စခန်းမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနဲ့ ၎င်းတို့ရဲ့အတွင်းရေးကိစ္စဖြစ်လို့ ၎င်းတို့ကိုယ်တိုင် ဖြေရှင်းရမှာဖြစ်ပါတယ်။ နေရပ်ပြန်ရေးအစီအစဉ်မှာ ပြဿနာစတင်ဖြစ်ပြီးတဲ့အချိန်ကစလို့ မြန်မာနိုင်ငံအစိုးရအဆက်ဆက်က အလေးထားဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

### အသင့်ပြင်ဆင်ထား

ပြီးခဲ့တဲ့နှစ်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တွေက နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုတွေကို မြန်မာနိုင်ငံအခြေစိုက် သံရုံးတွေက သံရုံးအကြီးအကဲတွေနဲ့ သံတမန်တွေကိုယ်တိုင် ကွင်းဆင်းသွားရောက် ကြည့်ရှုခဲ့ပါတယ်။ ကြည့်ရှုလေ့လာတဲ့အခါမှာ အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး သက်ဆိုင်ရာနိုင်ငံတွေဆီ အခြေအနေမှန်တွေကို အစီရင်ခံသွားမယ်လို့ ဆိုကြပါတယ်။

မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြု ကျေးဇူးတင်တယ်လို့ ပြောကြပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို အစိုးရအဆက်ဆက်က အလေးထားလုပ်ဆောင်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်တော့ ပေါ်မလာသေးပေမယ့် ပွင့်လင်းရာသီမှာ လုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့ အစစအရာရာ အသင့်ပြင်ဆင်ထားပါတယ်။

နေရပ်စွန့်ခွာသွားသူတွေကို ပြန်လည်လက်ခံရာမှာ နှစ်နိုင်ငံအစိုးရရဲ့ သဘောတူညီချက်တွေနဲ့ လက်ခံနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ပထမဆုံးဝင်လာတဲ့နေရာမှာ လက်ခံမယ်၊ လုံခြုံရေးအရ လိုအပ်တာကိုစိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးက စိစစ်မယ်၊ ပြီးရင် နိုင်ငံသားဖြစ်မှုအတွက် စိစစ်ကတ်ထုတ်ပေးမယ်၊ ပြီးရင် နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ဆက်လက်လျှောက်ထားနိုင်တယ်။ အမှန်တကယ်ကတော့ ရှင်းရှင်းလေးပါပဲ။ မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ညီညွတ်ရင် နိုင်ငံသားဖြစ်လာမှာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ မညီညွတ်ရင် ဘယ်နိုင်ငံမှာမှ နိုင်ငံသားဖြစ်လာမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဝင်ခွင့်ရတဲ့သူတွေ ပြန်လည်လက်ခံရေးစခန်းမှာ ခေတ္တထားပြီးနောက် ကြားစခန်းမှာ လိုအပ်တဲ့ အထောက်အပံ့တွေနဲ့ထားရှိပြီး နေရပ်ပြန်သူတွေရဲ့ ဆန္ဒအတိုင်း နှစ်သက်ရာရွာတွေမှာ နေထိုင်ကြရမှာဖြစ်ပါတယ်။ ရွာတွေမှာ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းတွေလည်းရှိပြီးသား ဖြစ်ပါတယ်။

### ကိုယ်တိုင်အသိဆုံး

ဘင်္ဂါလီဆိုတာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ မူလဇာတိဖြစ်ပါတယ်။ သမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ခိုးဝင်ပြဿနာတွေကို ခေတ်အဆက်ဆက်အစိုးရတွေက ဖြေရှင်းနေရပါတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားနေထိုင်ခဲ့တဲ့သူတွေမှန်ရင်၊ မြန်မာနိုင်ငံဥပဒေတွေနဲ့ ကိုက်ညီရင် အချိန်မရွေးလက်ခံဖို့ အသင့်ရှိပါတယ်။ ဥပဒေအချက်အလက်တွေနဲ့ မကိုက်ညီရင်တော့ လက်ခံလို့မရပါဘူး။ မြန်မာနိုင်ငံအနေနဲ့ လူသားချင်းစာနာထောက်ထားပြီး လူ့အခွင့်အရေးကို အလေးထားကာ နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံရဲ့ ဥပဒေတွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်နဲ့ စနစ်တကျပြန်လည်လက်ခံနိုင်ဖို့ တစိုက်မတ်မတ် အသင့်ပြင်ဆင်ပေးထားပါတယ်။ မြန်မာနိုင်ငံကို ပြန်မလာနိုင်တဲ့အကြောင်းရင်းကတော့ ဒုက္ခသည်တွေနဲ့ ဒုက္ခသည်တွေကို ကယ်တင်နေတယ်လို့ ဗန်းပြလုပ်စားနေတဲ့သူတွေ အသိဆုံးဖြစ်ပါတယ်။

ကာလရှည်ကြာဖြစ်ပေါ်ခဲ့တဲ့ ဘင်္ဂါလီတွေရဲ့ အရေးကိစ္စဟာ မြန်မာနိုင်ငံအနေနဲ့ သိမ်မွေ့နက်နဲပြီး ရှုပ်ထွေးတဲ့ ပြဿနာတစ်ရပ်ဖြစ်ပေမယ့်လည်း လူသားချင်း စာနာထောက်ထားတဲ့အနေနဲ့ အစဉ်တစိုက် အကောင်းဆုံးဖြေရှင်းနေပါတယ်။ ဘင်္ဂါလီအရေးကိစ္စမှာ နောက်ခံအကြောင်းတွေ၊ နောက်ကွယ်က အကြောင်းတွေရှိနေတဲ့အနက် ဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာကော်မတီဥက္ကဋ္ဌ ထုတ်ဖော်ပြောကြားခဲ့သလို ဒုက္ခသည်စခန်းက ဘင်္ဂါလီတွေကို အသုံးချခံလုပ်ပြီးတော့ နိုင်ငံရေးအမြတ်ထုတ်တဲ့သူတွေနဲ့ စားပေါက်ထွင်တဲ့ အဖွဲ့အစည်းတွေဟာ အမှန်တရားကို တမင်ဖုံးကွယ်ပြီးတော့ ရည်ရွယ်ချက်ရှိရှိ ဇာတ်နာအောင် ပြုလုပ်နေသူတွေသာဖြစ်ပါကြောင်း ။ ။

# ပြည်မြို့၌ အပတ်စဉ်(၃၀) သူနာပြုသားဖွားသင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ




ပြည် ဇွန် ၁၆

ပြည်မြို့၌ အပတ်စဉ် (၃၀) သူနာပြုသားဖွား သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ပြည်မြို့ ခေတ္တရာရတနာခန်းမ၌ ဇွန် ၁၅ ရက်နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ အပတ်စဉ် (၃၀) သူနာပြုသားဖွားသင်တန်းသား သင်တန်းသူများက "လောကအားမာန်" သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြုသားဖွားများ၏ကဏ္ဍသည် အလွန်အရေးကြီးပြီး ကျန်းမာရေးမြှင့်တင်မှုပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင်လည်း အဓိကတာဝန်ယူထမ်းဆောင်နေကြသူများ ပင်ဖြစ်ကြောင်း၊ သင်တန်းက ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး စံပြသူနာပြု/သားဖွားဆရာ ဆရာမကောင်းများဖြစ်အောင် ကြိုးစားသွားရန်နှင့် ဖလောရင့်နိုက်တင်ဂေးလ်ကဲ့သို့ သူနာပြုများ များစွာပေါ်ထွန်းလာစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အပတ်စဉ်(၂၇) သူနာပြုနှင့် သားဖွားသင်တန်း ပထမ၊ ဒုတိယ၊ တတိယ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။ ထို့နောက် သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းကျောင်းအုပ်ဆရာမကြီးက ဦးဆောင်းအပ်နှင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းပေးခဲ့ကြသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်အား ရွတ်ဆိုဂါရဝပြုခဲ့ကြပြီး "ကရုဏာအလင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက အပတ်စဉ် (၂၈)၊ အပတ်စဉ် (၂၉) နှင့် အပတ်စဉ် (၃၀) တို့မှ ပညာရည်ချွန်ဆုရရှိသူ သူနာပြုနှင့် သားဖွားသင်တန်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရသင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး သင်တန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀၊ ဆန်အိတ် ၅၀ နှင့် စားသုံးဆီများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သုံးခွမြို့နယ် သမစိတ္တကျေးရွာ၌ ဂဝံလမ်းခင်းခြင်း ဆောင်ရွက်

သုံးခွ ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၉၀ သန်းဖြင့် သမစိတ္တကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ယမန်နေ့ နံနက် ၁၀နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မော်မော်မျိုးက အဆိုပါလမ်း ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျေးရွာနေပြည်သူများက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းဆောင်ရွက်ရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၁၀ ဒသမ ၉၀ သန်းဖြင့် အလျား ပေ ၉၃၀၊ အနံ ရှစ်ပေ၊ ဒုခြောက်လက်မဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ဂဝံလမ်းခင်းခြင်းကြောင့် သမစိတ္တကျေးရွာရှိအိမ်ခြေ ၂၃၀ မှ လူဦးရေ ၁၁၈၉ ဦးတို့ ရာသီမရွေးအဆင်ပြေစွာသွားလာနိုင်ပြီး ဘာသာသာသနာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စိတ်ကြည်နူးပျော်ရွှင်ချမ်းမြေ့မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ဆေးဖက်ဝင်အပင်မျိုးစိတ်များ စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း နည်းပညာအထောက်အကူပြုသင်တန်းဖွင့်

ကျိုင်းတုံ ဇွန် ၁၆

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၃ ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ သဘာဝဆေးဖက်ဝင် အပင်မျိုးစိတ်များ စဉ်ဆက်မပြတ်အသုံးပြုခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း စီမံကိန်းလုပ်ငန်းတစ်ရပ်ဖြစ်သည့် ဆေးဖက်ဝင်အပင်မျိုးစိတ်များ စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း နည်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ဟွမ်ဟိန်းဟိုတယ်၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းက စီမံကိန်းဒေသဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ တာချီလိတ်ခရိုင်များအတွင်းရှိ သဘာဝအလျောက်ပေါက်သော ဆေးဖက်ဝင်အပင်မျိုးစုံမျိုးကွဲများ စာရင်းကောက်ယူ၍ သိပ္ပံနည်းကျ မျိုးခွဲစစ်ဆေး လေ့လာဖော်ထုတ်ရန်၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ ဆေးဖက်အသုံးပြုအပင်များ လေ့လာဖော်ထုတ် မှတ်တမ်းတင်ရန်နှင့် ဆေးဖက်ဝင်အပင်မျိုးစိတ်များ၏ ဓာတုဒြပ်ပေါင်းပါဝင်မှုများကို သိပ္ပံနည်းကျစမ်းသပ်လေ့လာဖော်ထုတ်ရန်၊ မြန်မာနိုင်ငံမဲခေါင်မြစ်ဝှမ်းဒေသအတွင်း အများဆုံးအသုံးပြုသည့် ဆေးဖက်ဝင်အပင်များ စာအုပ်ထုတ်ဝေနိုင်ရန်၊ သဘာဝဆေးဖက်ဝင် အပင်မျိုးစိတ်များကို စီမံအုပ်ချုပ်နိုင်ရန် မျိုးပွားစိုက်ပျိုးခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း၊ လက်ဆင့်ကမ်းဖြန့်ဝေနိုင်ခြင်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒေသတိုင်းရင်းဆေးဆရာများ တက်ရောက်သည်။

အဆိုပါသင်တန်းကို ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့၌ ဒေသဖွံ့ဖြိုးရေးလမ်းလုပ်ငန်းများ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိုင်းဖြတ် ဇွန် ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျောက်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းများကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၇ ဒသမ ၇၇ သန်းဖြင့် အရှည် ပေ ၂၁၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ဈေးတန်းရပ်ကွက် ခေတ္တာလမ်းသွယ် ကွန်ကရစ်ခင်းခြင်း (အပိုင်း-၁) ဆောင်ရွက်နေမှု၊ ငွေကျပ် ၁၉ ဒသမ ၈ သန်းဖြင့် အရှည် ပေ၂၄၀၊ အကျယ် ၁၄ ပေ၊ ဒု ခြောက်လက်မရှိ ဝမ်ပှော့ရပ်ကွက် မြယာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(အပိုင်း-၁) ဆောင်ရွက်နေမှု၊ ငွေကျပ် ၇ ဒသမ သုည သန်းဖြင့် အရှည် ပေ ၁၈၀၊ အကျယ် ၁၈ ပေ၊ ဒု သုံးပေခွဲရှိ ပြည်ထောင်စုလမ်းမကြီးနှင့်မြို့ပတ်လမ်းဆက်သွယ်သည့် လမ်းသွယ် ၅ ဆောင်ရွက်နေမှု၊ ငွေကျပ် ၁၅ ဒသမ ၄၈ သန်းဖြင့် အရှည် ပေ ၈၀၊ အမြင့် ခြောက်ပေရှိ ဟိုနားကုံကော်လမ်း မြေထိန်းနံရံတည်ဆောက်နေမှုနှင့် ငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် အရှည် ပေ ၂၀၀၊ အကျယ် နှစ်ပေခွဲ၊ အမြင့် နှစ်ပေခွဲရှိ သစ္စာလမ်းကျောက်စီရေမြောင်း တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ရည်မွန်သန့်တို့က လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယအင်ဂျင်နီယာမှူးကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး\ဇလ**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် ဇွန် ၁၆**

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အမျိုးသမီးများရဲ့ စွမ်းဆောင်မှု လူမှုဘဝ အကျိုးပြု" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံသားတိုင်း မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးနှင့် အားကစားဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဘာသာ/သာသနာအကျိုးပြုလုပ်ငန်းများကို အခြေပြု၍ မြန်မာအမျိုးသမီးထု၏ လှုပ်ရှားမှုကိုပေါ်လွင်စေရန် လွတ်လပ်စွာ ရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် အထူးဆု ငါးဆု ပါရှိမည်ဖြစ်ပြီး အထူးဆု တစ်ဆုလျှင် ငွေကျပ် လေးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၂ လက်မ x ၁၈ လက်မဆိုဒ် ဖြစ်သည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။ ၁၂ လက်မ x ၁၈ လက်မဆိုဒ် ဓာတ်ပုံနှင့်အတူ Soft Copy CD ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ယှဉ်ပြိုင်ခွင့်မပြုပါ။ ဆုရရှိသော ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ သင်ခန်းစာကဏ္ဍများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ဆုမရရှိသောဓာတ်ပုံများ လိုအပ်၍ အသုံးပြုမည်ဆိုပါက ခွင့်ပြုပေးရမည်ဖြစ်ပြီး သင့်တော်သော ဉာဏ်ပူဇော်ခကို ချီးမြှင့်ပေးသွားမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ၏ နောက်ကျောတွင် မိမိကိုယ်တိုင် ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပါရှိရမည်ဖြစ်ပြီး အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံပါအကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို သီးခြားစက္ကူဖြင့် ရေးကူး၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်းအမှတ် ၂၇/၂၉၊ ၃၅ လမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉၇၇၇၈၄၃၃၈၇ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည် မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရှမ်းပြည်နယ်တောင်ပိုင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဘက်စုံတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က အောင်ပန်းမြို့ရှိ ဒေသသုတေသနဗဟိုဌာန၏ ပဲပုပ်သီးနှံ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဌာနကထုတ်လုပ်ပေးလိုက်သည့် ဆင့်ပွားမိဘမျိုးစေ့မှ အဆင့်ဆင့်မျိုးပွား ထုတ်လုပ်ပြီး မျိုးစေ့ဖူလုံရေး ဆောင်ရွက်ရာတွင် မျိုးစေ့စီးဆင်းမှု မှန်ကန်ရေး၊ ထိရောက်သော မျိုးသန့်မျိုးပွားမျိုးဖြန့်မှုလုပ်ငန်း ပီပြင်စွာ အကောင်အထည် ဖော်နိုင်ရေး၊ မျိုးစေ့ထုတ်တောင်သူများ အကျိုးအမြတ် သေချာစေရေးနှင့် စီးပွားဖြစ်စိုက်ပျိုးရန် ထုတ်လုပ်လိုက်သည့်မျိုးစေ့ကို အသုံးပြု၍ စိုက်ပျိုးရာတွင်လည်း တွက်ခြေကိုက်သည့် အထွက်နှုန်းနှင့် အရည်အသွေးရရှိစေရေး အလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ ခင်းကျင်းပြသထားမှုနှင့် စမ်းသပ်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့နယ် ကွမ်းလုံကျေးရွာအုပ်စု ကျောက်နီစိုက်ကွင်း မွေးမြူရေးမြေဧရိယာ ၆၅၉ ဧကအပေါ်တွင် မွေးမြူရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင် ရွက်နေမှု၊ ဇုန်အတွင်း နို့စားကျွဲ၊ နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများမွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးဇုန်အတွင်း ဇီဝလုံခြုံမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ မွေးမြူရေးတောင်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ် ရှမ်းရိုးမ မွေးမြူရေးဇုန်၌ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ မေးမြန်းဆွေးနွေးပြီး ဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တောင်သူများအတွက် မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းနှင့် ဆက်စပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

**ကျောင်းကုန်း ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန်အတွက် လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲကို မြို့ထိပ်ပန်းခြံအနီးတွင် ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စစ်မှုထမ်းဟောင်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



# ရန်ကင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကင်း ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အမှတ်(၁၄)ရပ်ကွက် မိုးကောင်းဘုရားလမ်းရှိ မဟာသာသနာ့ဗိမာန်ဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိုးကောင်းဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချိုလေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အရိပ်ရခရေပင် ၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



# ကျုံပျော်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျုံပျော် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို တောချောင်းအုပ်စု ရှမ်းစုကျေးရွာ၌ ဇွန် ၁၅ ရက်က ကျင်းပခဲ့သည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းတို့က ပျိုးပင်များအား စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သွယ်သွယ်မိုးတို့ထံ ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးတင်ထူးနိုင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၃၅ ဦးတို့က ကျွန်းပင် ၁၀၀ နှင့် ပျဉ်းကတိုးပင် ၅၀၊ မန်ကျည်း ၇၅ ပင်၊ ကံ့ကော်ပင် ၅၀၊ မဟော်ဂနီ ၂၅ ပင် စုစုပေါင်းအပင် ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# မိုးဥတုချိန်ခါရောက်ရှိလာ တိုင်းရင်းဆေးဖြင့် ရောဂါကာကွယ်စောင့်ရှောက်ပါ

ဒေါက်တာစုစုဒွေး၊ ဆွေဆွေ၊ ရီရီစန်း၊ နေနေနိုင်ရီ (တိုင်းရင်းဆေးပညာဦးစီးဌာန)

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်းများ အနက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလည်းပါဝင်ပါသည်။ ၎င်းအခန်းကဏ္ဍကို သက်ဆိုင်ရာနိုင်ငံတို့၏ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိပညာရှင်တို့က အလေးအနက်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြပါသည်။

ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ အဓိကမှာ အဖြစ်များသည့် ကျန်းမာရေးပြဿနာများနှင့် ၎င်းတို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းများအကြောင်းကို သက်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာ ပညာရှင်တို့က ပညာပေးခြင်း လုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

**တိုးတက်ဖွံ့ဖြိုးအောင် ထိန်းသိမ်းမြှင့်တင်**

အနောက်တိုင်းဆေးသိပ္ပံပညာရပ်ဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ် (၈)ရပ် ချမှတ်ထားရာ လူသားတို့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဆေးသိပ္ပံပညာရပ်ပေါ်တွင် လုံးလုံးလျားလျား မှီခိုအားထားခြင်းသာမက Alternative Medicine (ပေါင်းကူးဆေးပညာ) ကိုလည်း မှီခိုအားထားနေကြရပါသည်။ ၎င်းတို့ထဲမှ Alternative Medicine တွင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင်အသီးသီးရှိနေသော အတွေ့အကြုံအခြေခံသည့် တိုင်းရင်းဆေးပညာရပ်သည်လည်း ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ လူသားတို့သည် ခေတ်အဆက်ဆက်တွင် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာရပ်များကို မပစ်ပယ်ရုံသာမက တိုးတက်ဖွံ့ဖြိုးအောင် ထိန်းသိမ်းမြှင့်တင်လျက် ရှိကြပါသည်။

**❛ ရာသီတုပ်ကွေးဖျားနာခြင်းများဖြစ်လာလျှင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက စနစ်တကျသုတေသနပြုလုပ်၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားပြီးသော မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံထုတ် ဝိသမအဖျားပျောက်ဆေးကို အသုံးပြုနိုင်ပါသည်။ ဝိသမအဖျားပျောက်ဆေးတွင် ဆေးခါးကြီး၊ ဆင်တုံးမနွယ်၊ နံ့သာဖြူ၊ ချင်း(ဂျင်း) တို့ ပါဝင်ပါသည်။ ဝိသမအဖျားပျောက်ဆေး၏ သုတေသနရလဒ်များအရ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ချမ်းတုန်ခြင်း၊ ဖျားခြင်း၊ နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခန္ဓာကိုယ်နှင့် ကြွက်သားများကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း စသည့် လက္ခဏာများ သိသိသာသာ သက်သာပျောက်ကင်း ❜**

ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာ့တိုင်းရင်းဆေးပညာတွင် လမ်းညွှန်ပြသထားသည့်နည်းလမ်းမှာ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" တည်းဟူသော သမုဋ္ဌာန် (၄)ပါး ညီညွတ်မျှတ လိုက်လျောညီထွေစွာ နေထိုင်၊ ကျင့်ကြံ၊ ပြုမူ၊ စားသောက်ကြရေးသည် အရေးကြီးကြောင်းကို ပညာပေးလမ်းညွှန်ထားပြီးဖြစ်ပါသည်။ ယခုအခါ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်(၈)ရပ်ထဲတွင် အကျုံးဝင်သည့် အဖြစ်များသော ကျန်းမာရေးပြဿနာများနှင့် ၎င်းတို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်နည်းလမ်းများမှ မိုးဥတုတွင်ဖြစ်လေ့ရှိသော ရောဂါအချို့အား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခြင်းကို မကြာမီ မိုးဥတုသို့ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် တိုင်းရင်းဆေးပညာရှုထောင့်မှ ရေးသားတင်ပြလိုက်ပါသည်။

မိုးဥတု၏ကာလအပိုင်းအခြားမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလတာဖြစ်ပါသည်။ မိုးဥတု၏ သဘာဝအရ မိုးများပုံမှန်ရွာသွန်းခြင်း၊ အအေးဓာတ်များ တဖြည်းဖြည်း လွှမ်းမိုးလာခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင် ရေပြည့်ရေလျှံခြင်း၊ သစ်ပင်၊ တော၊ တောင်တို့ စိမ်းလန်းစိုပြည်ခြင်း၊ သတ္တဝါတို့ အေးမြကြည်လင်၍ သာယာရွှင်လန်းခြင်း စသောလက္ခဏာများကို ပုံမှန်အားဖြင့် တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် မိုးအလွန်ရွာလိုက်၊ နေပူလိုက်တစ်လှည့်စီဖြစ်၍ အပူ၊ အအေး အားပြိုင်တတ်ပါသည်။ အပူ၊ အအေး အားပြိုင်နေသည့်အချိန်တွင် ဥတုနှင့် လိုက်လျောညီထွေအောင်မနေဘဲ ဥတုနှင့်ဆန့်ကျင်ပြီး နေထိုင်စားသောက်ပါက ခန္ဓာကိုယ်အတွင်းဓာတ်များ ဖောက်ပြန်တတ်ပါသည်။

ဥတုဘောဇနသင်္ဂဟဆေးကျမ်းပါ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလနှင့် ဝါခေါင်လများတွင် ပြင်ပလေအားကြီးသည့်အတွက် သည်းခြေဓာတ်ငုပ်ပြီး လေဓာတ်ပျက်တတ်ပါသည်။ မိုးဥတုသည် အလွန်ပူပြင်းသည့် နွေဥတုနှင့် အလွန်အေးမြသည့် ဆောင်းဥတုတို့၏အကြားတွင် ရှိနေခြင်းကြောင့် အပူနှင့် အအေး ရောထွေးပြီး ဖောက်ပြန်သည့်အတွက် ဝမ်းမီးအညံ့ဆုံး၊ ရောဂါအဖြစ်အများဆုံး ဥတုဖြစ်သည်ကို တွေ့ရှိရပါသည်။ အစာကိုခြေချက်ပေးသည့် ဝမ်းမီးနုံ့၍ အစာခြေချက်မှု အားနည်းခြင်းကြောင့် လေထိုးလေအောင့်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ သန်တုတ်ထခြင်းများအပြင် ရာသီအကူးအပြောင်းတွင် အဖြစ်များသည့် နှာစေးချောင်းဆိုးခြင်း၊ တုပ်ကွေးဖျားခြင်းများ ဖြစ်တတ်ပါသည်။







ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက စနစ်တကျသုတေသနပြုလုပ်၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားသည့် မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံထုတ် ဝိသမအဖျားပျောက်ဆေးဘူးကို တွေ့ရစဉ်။

**လေထိုးလေအောင့်ဖြစ်ရခြင်း**

မိုးဥတုတွင်ဖြစ်လေ့ရှိသော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့်စောင့်ရှောက်ရာတွင် လေထိုးလေအောင့်ဖြစ်ရခြင်းမှာ အအေးမိခြင်း၊ မကြေကျက်သောအစာများစားသုံးခြင်း၊ အပူအစပ်များ လွန်စွာစားသုံးခြင်းတို့ကြောင့် အဖြစ်များသည်။ နံဘေးရင်ဘတ်ထိုးအောင့်ခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း လက္ခဏာများကိုလည်း တွေ့ရလေ့ရှိပါသည်။ လေထိုးလေအောင့်သူများသည် ခြေဖျားအေးတတ်သဖြင့် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ရာ၌ ခြေဖျားများပူအောင် အပူပေးခြင်း၊ ကြပ်ထုပ်ထိုးခြင်း၊ ဆေးပူလိမ်းခြင်းနှင့် နံဘေးရင်ဘတ်ဝမ်းဗိုက်တို့ကို ရေနွေးအိတ်ကပ်ပေးခြင်း ပြုလုပ်ပေးနိုင်ပါသည်။ သာမန်လေထိုးလေအောင့်ဖြစ်ပါက ဆားခါး လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးဖြင့်ဖျော်၍ အကြမ်းပန်းကန်တစ်လုံးစာ သောက်ပေးခြင်း၊ ကန့်ကလာကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်လက်ဖက်ရည်တစ်ဇွန်းစာ ထည့်၍ သောက်ပေးခြင်း၊ ကြေကျက်ခဲသောအစာ၊ ဆီကြော်စာများကို ရှောင်ကြဉ်၍ စွပ်ပြုတ်ရည်ကျဲကျဲ တစ်မျိုးမျိုးသောက်ပေးခြင်း၊ ပူနွေး၍ ကြေကျက်လွယ်သောအစာများ စားသောက်ခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါသည်။ ၎င်းအပြင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေး၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂) လေမျိုး(၈၀) ဆေးတို့ကိုလည်း တိုင်းရင်းဆေးပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း သောက်သုံးနိုင်ပါသည်။

အစာမကြေဖြစ်ရခြင်းမှာလည်း အစားလွန်ခြင်း၊ အစား စားချိန်မမှန်ခြင်း၊ မကြေညက်နိုင်သောအစားအစာများ စားသုံးခြင်းကြောင့် ဖြစ်တတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ဗိုက်နာခြင်း၊ ရင်ပူခြင်း၊ လေချဉ်တက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းများကို တွေ့ရတတ်ပါသည်။ ပူ၊ စပ်၊ ခါး၊ ငန် အရသာရှိသော အစားအစာများကို စားသောက်နိုင်ပါသည်။ ချင်း(ဂျင်း) သတ္တုရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရှောက်ရည်ဆတူ၊ ဆားအနည်းငယ်ထည့်ပြီး တစ်နေ့နှစ်ကြိမ် အစာစားပြီးတိုင်း သောက်နိုင်ပါသည်။ သံပရာရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ထန်းလျက်တစ်ခဲနှင့် ရောစပ်ပြီး ရေနွေးပူပူနှင့် သောက်ပေးခြင်း၊ အစာကြေဆေး၊ လျက်ဆားတစ်မျိုးမျိုး စားသုံးပေးခြင်းများ ပြုလုပ်နိုင်ပါသည်။ ကြက်သွန်ဖြူ၊ ငရုတ်ကောင်းဟင်းခါး ပူပူနွေးနွေးကို သောက်ပေးနိုင်ပါသည်။ ဆီကြော်စာများ၊ ကြေကျက်ခဲသောအစာများနှင့် အစာမာများကို ရှောင်ကြဉ်သင့်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ**

မိုးဥတုတွင် ဖြစ်လေ့ရှိသော နောက်ရောဂါတစ်မျိုးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပါသည်။ မသန့်ရှင်းသောအစားအစာများ စားသုံးမိခြင်း၊ မသန့်ရှင်းသောသောက်ရေသုံးရေများ၊ ယင်နားစာများစားသုံးခြင်းနှင့် မသန့်ရှင်းသောလက်များမှတစ်ဆင့် ရောဂါပိုးများကပ်ငြိပြီး ဖြစ်ပွားနိုင်ပါသည်။ အသက်အရွယ်မရွေး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေတတ်ပါသည်။ ရောဂါလက္ခဏာများမှာ ဝမ်းအရည်များ မကြာခဏသွားခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အိပ်မရခြင်း၊ နုံးချည့်ခြင်းများကို တွေ့ရနိုင်ပါသည်။ ဝမ်းအလွန်သွားပါက ခန္ဓာကိုယ်အတွင်း အရည်ခန်းခြောက်ခြင်းဖြစ်စေနိုင်၍ အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နနွင်းမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ပျားရည်ဖြင့် ရောစပ်၍ တစ်နေ့ သုံးကြိမ် သောက်နိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၅) ဇာတိလဝင်္ဂဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၃) အစာကြေလေပုပ်ထုတ်ဆေးတို့ကို ဆတူရောစပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်း တစ်နေ့နှစ်ကြိမ် ရေနွေးဖြင့် သောက်ပေးနိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၄၇) ခုနစ်ပါးဆေးဝါလေးကို နှမ်းဆီဖြင့်ဖျော်၍ ဝမ်းဗိုက်ကို လိမ်းပေးနိုင်ပါသည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပါက ကြက်သားစွပ်ပြုတ်သောက်ပေးခြင်း၊ အုန်းစိမ်းရည်သောက်ပေးခြင်းများ ပြုလုပ်ပေးပါ။ လိုအပ်ပါက ဓာတ်ဆားရည်သောက်ပေးနိုင်ပါသည်။ လတ်ဆတ်သောထမင်းရည်တွင် ဆားအနည်းငယ်ထည့်၍ သောက်ပေးခြင်း၊ ငှက်ပျောသီးဖီးကြမ်းကို ပြုတ်၍ဖြစ်စေ၊ မီးကင်၍ဖြစ်စေစားပေးခြင်း၊ ကြက်သားကို ကြော်၍ ပါးပါးလှီးပြီး ကြက်သွန်ဖြူများများ၊ ရှောက်၊ သံပရာတို့ဖြင့် သုပ်စားခြင်း၊ ထမင်းမီးဖုတ်ကို ရေနှင့်ဖျော်၍ အရည်သောက်ပေးခြင်း ပြုလုပ်ပေးနိုင်ပါသည်။ သတိပြုရန်အနေဖြင့် ဝမ်းပျက်ဝမ်းလျှောခြင်းသည် ဆန်ဆေးရည်ကဲ့သို့သော ဝမ်းသွားခြင်း၊ ဝမ်းတွင်သွေးများပါလာခြင်း၊ ဖျားခြင်း၊ ကိုယ်အပူချိန်တက်လာခြင်းနှင့် အန်ခြင်း စသောလက္ခဏာများပါ ပူးတွဲခံစားလာရပါက ဝမ်းလျှောလူနာအား နီးစပ်ရာဆေးရုံသို့ လွှဲပြောင်းကုသစေရမည် ဖြစ်ပါသည်။

**ဝမ်းကိုက်ခြင်း**

ယင်းအပြင် မိုးဥတုတွင် ဖြစ်လေ့ရှိသည့်ရောဂါတစ်ခုမှာ ဝမ်းကိုက်ခြင်းဖြစ်ပါသည်။ ဝမ်းဗိုက်ရစ်ရစ်နာ၍ အချွဲပါသောဝမ်း (တစ်ခါတစ်ရံ ဝမ်းအရည်)များ မကြာခဏသွားခြင်းဖြစ်သည်။ ယင်နားစာ၊ မသန့်ရှင်းသောအစားအစာနှင့် ရေများ စားသောက်ခြင်းမှ ဖြစ်ပွားစေပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ဗိုက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းဗိုက်တင်းခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အိပ်မပျော်ခြင်း၊ တစ်ခါတစ်ရံဝမ်းသွားရာတွင် အချွဲသာမက သွေးပါတတ်ခြင်းများ တွေ့ရှိနိုင်ပါသည်။ တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေးခြင်းတွင် ဗိုက်ရစ်ပြီးဝမ်းကိုက်ပါက ဖန်ခါးအမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို တစ်နေ့နှစ်ကြိမ် ရေနွေးပူပူနှင့်တိုက်ပါ။

စာမျက်နှာ ၁၁ သို့ ❒

❒ စာမျက်နှာ ၁၀ မှ

ဝမ်းကိုက်ခြင်းဖြစ်လာပါက ကြက်သားပြုတ်ကြော်စားခြင်း၊ ထားဝယ်မှိုင်းရွက်၊ သဘော်ရွက်နုနု၊ ရှားစောင်းသိဂ်နိက်အရွက် (kiss me quick)၊ ကျွဲကျောင်းမင်စေးအရွက်၊ ဘောစကိုင်း (အဝေရာ) အရွက်နုတို့ကို ရေနွေးဖျော၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ ကြက်သွန်ဖြူ၊ နှမ်းလှော်တို့ဖြင့် သုတ်၍ စားသုံးနိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂) လေမျိုး (၈၀)ဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၈) သွေးဒူလာဆေးတို့ကို တိုင်းရင်းဆေးပညာရှင်များ၏ အညွှန်းအတိုင်းသောက်နိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၅) ဇာတိလဝင်္ဂဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၃) အစာကြေလေပုပ်ထုတ်ဆေးတို့ကို ဆတူရောစပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်း တစ်နေ့နှစ်ကြိမ် ရေနွေးဖြင့် သောက်ပေးနိုင်ပါသည်။ အစားအသောက်ကို အဆာပြေရုံသာစားပါ။ ဆီကြော်စာများရှောင်ပါ။ ဝမ်းကိုက်ရောဂါမဖြစ်ပွားစေရန် မသန့်ရှင်းသော၊ မလတ်ဆတ်သော၊ အမှည့်လွန်သော၊ ရေဖြင့် စင်ကြယ်စွာမဆေးထားသော ဟင်းသီးဟင်းရွက်၊ သားငါးများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ။ ဒိန်ချဉ်ခဲနှင့် အဆီထုတ်ထားသော နွားနို့သောက်ခြင်း၊ ဆန်ပြုတ်၊ စွပ်ပြုတ်သောက်ခြင်း ပြုလုပ်ပါ။ မိုးဥတုတွင်ပေါ်သော ရာသီပေါ်ဥသျှစ်သီးကို မကြာခဏကျွေးပေးပါ။ ယင်လုံအိမ်သာသုံးစွဲခြင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ဆေးခြင်း၊ အစားအစာများ မကိုင်တွယ်မီနှင့် အစာမစားမီ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စင်ကြယ်စွာဆေးခြင်း၊ အစားအစာများ ယင်မနားစေရန် အဖုံးအုပ်ထားခြင်းများ ပြုလုပ်ရမည်။

မိုးဥတုတွင် အများအားဖြင့် ဖြစ်လေ့ရှိသော သန်တုတ်ထခြင်းမှာ မသန့်ရှင်းသောအစားအစာ၊ အမှည့်လွန်စာ၊ ယင်နားစာများ စားခြင်းကြောင့်ဖြစ်သည်။ လက္ခဏာများမှာ ခံတွင်းအနံ့နံခြင်း၊ ဗိုက်ပူ၍ ချက်စူထွက်ခြင်း၊ စအိုဝတွင်ယားယံခြင်း၊ ခြေလက်တို့ အေးစက်ခြင်း၊ မျက်သားဖြူညိုခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းနှင့်အတူ သန်ပါခြင်းလက္ခဏာများ တွေ့ရပါသည်။ သန်ကောင်၊ တုတ်ကောင်ရှိနေပါက သန်ချဆေးကို အသက်အရွယ်အလိုက် သောက်သုံးသင့်ပါသည်။ သန်ရှိပြီး ကိုယ်သားကိုယ်ရေပူနေပါက တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၄၇) ခုနစ်ပါးဆေးဝါလေးရွေးကြီးတစ်ရွေးခန့်ကို သနပ်ခါးရေကျဲကျဲ (သို့) အုန်းဆီနှင့်ဖြစ်စေ ရောစပ်၍ လည်မျို၊ ရင်ဝနှင့် ဝမ်းဗိုက်များကို လိမ်းပေးနိုင်ပါသည်။ ၎င်းအပြင် နာနတ်သီး ၁၅ ကျပ်သားခန့် တစ်နေ့တစ်ကြိမ် သုံးရက်စားပေးခြင်း၊ ပေါက်ပွင့်ကို သုပ်စားခြင်း၊ ဘောစကိုင်းခေါ် အဝေရာရွက်အနုကို သုပ်စားခြင်းတို့စရာအဖြစ်ပြုလုပ်၍ စားသောက်ခြင်း ပြုလုပ်ပေးနိုင်ပါသည်။ ညစ်ပေသောလက်ဖြင့် အစာစားခြင်း၊ လက်မဆေးဘဲအစာစားခြင်း၊ မသန့်ရှင်းသောအစာ၊ ယင်နားစာများစားခြင်း၊ အဖုံးအအုပ်မပါသောအစာများ စားသောက်ခြင်းကို ရှောင်ကြဉ်ပါ။ ကြေညက်လွယ်သောအစာများ ကျွေးပါ။ ဟင်းသီးဟင်းရွက်များကို ရေစင်အောင်ဆေးပြီးမှစားပါ။ အသားငါးများကို ကောင်းစွာကျက်အောင် ချက်စားပါ။ သန်ကောင်၊ တုတ်ကောင်ရောဂါများ မဖြစ်ပွားစေရန်အတွက် အစားအစာများ မကိုင်တွယ်မီ၊ အစာမစားမီ၊ အစာစားပြီးနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်စွာဆေးပါ။

### နှာစေးချောင်းဆိုး

မိုးဥတုတွင် မိုးမိခြင်းနှင့် အအေးမိခြင်းကြောင့် ရာသီဥတုအပြောင်းအလဲတွင် ဖြစ်ပွားတတ်သော ရောဂါလက္ခဏာများဖြစ်သည့် နှာစေး၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်းများလည်း ဖြစ်တတ်ပါသည်။ နှာစေးချောင်းဆိုးပါက ချောင်းဆိုးသက်သာစေသည့်ဆေးဖြစ်သော ကွမ်းရွက်သတ္တုရည်၊ ကစော့ပုပ်ရွက်သတ္တုရည်ကို ဆားအနည်းငယ်ထည့်၍ လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ တစ်နေ့သုံးကြိမ် တိုက်ပေးနိုင်ပါသည်။ လည်ချောင်းနာခြင်းဖြစ်ပါက ချင်းစိမ်းသတ္တုရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ပျားရည်လက်ဖက်ရည်ဇွန်း တစ်ဇွန်းရောစပ်၍ တစ်နေ့ သုံးကြိမ်သောက်ပါ။ နှာစေး၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းများအတွက် ကွမ်းရွက်နှင့် ချင်း ဆတူရောစပ်၍ ပြုတ်ရည် လက်ဖက်ရည်အကြမ်းပန်းကန် တစ်ဝက်ခန့် သောက်ပေးနိုင်ပါသည်။ နှာပိတ်ပါက နှာပွင့်စေသည့် ရှိန်းခိုကို အုန်းဆီဖြင့်ဖျော်၍ နှာဝနှင့် ငယ်ထိပ်တို့ကို အုပ်လိမ်းပေးနိုင်ပါသည်။ ရှူဆေးတစ်မျိုးမျိုးကိုလည်း ရှူပေးနိုင်ပါသည်။ ချဉ်သောအစာများ၊ ဖျော်ရည်အေးအေးနှင့် ဆီကြော်များရှောင်ပါ။ ဒိန်ချဉ်ခဲ၊ ငှက်ပျောသီး၊ လိမ္မော်သီးများ ရှောင်ရမည်။ အစာကြေပြီး အပွင့်ဓာတ်ရစေရန် အစားအစာများထဲတွင် ကြက်သွန်ဖြူ ချင်း၊ ငရုတ်ကောင်းများကို များများထည့်စားပေးသင့်ပါသည်။ ရေနွေးများများသောက်ပါ။ မိုးမမိစေရန်၊ အအေးမမိစေရန် ဂရုပြုနေထိုင်ပြီး နွေးနွေးထွေးထွေး ဝတ်ဆင်နေထိုင်ရန် လိုအပ်ပါသည်။

### ရာသီတုပ်ကွေးဖျားနာခြင်း

အထူးသဖြင့် ဥတုသန္ဓိလို့ခေါ်တဲ့ ဥတုရာသီအဆက်အစပ် အကူးအပြောင်းကာလတွင် ရာသီတုပ်ကွေးဖျားနာများ ဖြစ်တတ်ကြပါသည်။ ထိုကဲ့သို့ ရာသီတုပ်ကွေးဖျားနာခြင်းများ ဖြစ်လာလျှင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက စနစ်တကျသုတေသနပြုလုပ်၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားပြီးသော မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံထုတ် ဝိသမအဖျားပျောက်ဆေးကို အသုံးပြုနိုင်ပါသည်။ ဝိသမအဖျားပျောက်ဆေးတွင် ဆေးခါးကြီး၊ ဆင်တုံးမနွယ်၊ နံ့သာဖြူ၊ ချင်း(ဂျင်း) တို့ ပါဝင်ပါသည်။ ဝိသမအဖျားပျောက်ဆေး၏ သုတေသနရလဒ်များအရ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ချမ်းတုန်ခြင်း၊ ဖျားခြင်း၊ နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခန္ဓာကိုယ်နှင့် ကြွက်သားများကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း စသည့်လက္ခဏာများ သိသိသာသာ သက်သာပျောက်ကင်းကြောင်း တွေ့ရပါသည်။ ဝိသမအဖျားပျောက်ဆေးကို အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ပြီး တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများသို့ ဌာနသုံးဆေးအဖြစ် အခမဲ့ဖြန့်ဖြူးပေးလျက်ရှိသဖြင့် အကယ်၍ မိမိတို့တွင် ရာသီတုပ်ကွေးလက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာ တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများတွင် သွားရောက်ပြသ၍ ဝိသမအဖျားပျောက်ဆေးကို အခမဲ့ရယူနိုင်ပါသည်။

ဝိသမအဖျားပျောက်ဆေးတွင် ပါဝင်သော ဆေးပစ္စည်းများ





ဆေးခါးကြီး။

အထက်တွင် ရေးသားဖော်ပြခဲ့ခြင်းများသည် မိုးဥတု၌ ဖြစ်လေ့ရှိသော ရောဂါအချို့အတွက် တိုင်းရင်းဆေးပညာအရ စောင့်ရှောက်ခြင်းကို တင်ပြခဲ့ခြင်းဖြစ်ပါသည်။ မိုးဥတုကာလအတွင်း ဆောင်ရန်၊ ရှောင်ရန်များကိုလည်း ဆက်လက်ဖော်ပြပါမည်။ မိုးဥတုတွင် မိမိ၏ ရုပ်သဘော ဓာတ်ခံကိုကြည့်ပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရ အလိုအရ လိုက်လျောညီထွေစွာ ပြုမူနေထိုင်စားသောက်ရပါမည်။ ရှေးသမားတော်များ၏ ဥတုအလိုအရ နွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းဆယ့်တစ်ရေချိုးစနစ် ဆိုသည့်အတိုင်း မိုးဥတုတွင် အများအားဖြင့် နံနက် ၁၀ နာရီတွင် ရေချိုးလျှင် အသင့်တော်ဆုံးဖြစ်ပါသည်။ ရှေးသမားတော်များ၏ နွေချို၊ မိုးခါး၊ ဆောင်းချဉ် တိုင်းရင်းဆေးနည်းစဉ် ဆိုသည့်အတိုင်း မိုးဥတုတွင် အခါးအရသာကို ကျန်းမာနေသူများအဖို့ စားသုံးပေးရန် သင့်တော်ပါသည်။

### ကြေကျက်လွယ်သော အစာအာဟာရများကို စားသောက်သင့်

ဥတုဘောဇနသင်္ဂဟဆေးကျမ်း အလိုအရ မိုးဥတုတွင် ချွေးအောင်းခြင်း၊ အနှိပ်အနင်းခံခြင်း၊ ကရမက်၊ ကတိုး၊ ကုံကုမံ အမွှေးနံ့သာများကို လိမ်းကျံသင့်သည်ဟု ဆိုထားပါသည်။ ကြေကျက်လွယ်သော အစာအာဟာရများကို စားသောက်သင့်ပြီး ကုန်းတွင်ကျက်စားသည့် အသား၊ ငါးများသာစားသင့်ပါသည်။ မိုးဥတုတွင် ကြစုသီး၊ သိန္ဓောတို့ကဲ့သို့ ဆေးများစားသင့်သည်ဟု ဆိုထားပါသည်။ အထူးသဖြင့် ကလေးငယ်များ၏ အရွယ်နှင့်လိုက်ပြီး အသား၊ ငါးများကို မျှတစွာကျွေးပါ။ အသီးအရွက်များများကျွေးပါ။ အစာမကြေစေသော အစာမာမာများမကျွေးရပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကိုဂရုစိုက်ပါ။ အထူးသတိပြုရန်မှာ မိုးဥတုတွင် ရာသီပေါ်အသီးအနှံများလည်း ပေါပေါက်သည့်အတွက် အမှည့်လွန်သောသစ်သီးများ၊ ယင်နားစာများ၊ ဝမ်းနှုးစာများ၊ မသန့်ရှင်း မလတ်ဆတ်သောအစားအစာ၊ မသန့်ရှင်းသော သောက်သုံးရေများကို ရှောင်ကြဉ်သင့်ပါသည်။

နွေဥတု၏ အလွန်ပြင်းထန်လှသည့် အပူဒဏ်ကြောင့် မိုးကိုမျှော်လင့်တောင့်တခဲ့ကြရာ မိုးဥတုသို့ ကူးပြောင်းချိန်တွင် သတိပြုသင့်သည့် မိုးဥတု၌ ဖြစ်လေ့ရှိသော ရောဂါအချို့အတွက် တိုင်းရင်းဆေးပညာအရ စောင့်ရှောက်နိုင်ကြစေရန် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးသည့် လုပ်ငန်းများအနက် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍကို အလေးအနက်ပြု၍ **“မိုးဥတုချိန်ခါ ရောက်ရှိလာ တိုင်းရင်းဆေးဖြင့် ရောဂါကာကွယ် စောင့်ရှောက်ပါ”** အကြောင်းကို ရေးသားဖော်ပြလိုက်ပါသည်။ ။



ချင်း။



ဆင်တုံးမနွယ်။




နံ့သာဖြူ။

☆ **မလေးရှားမှ**

ကောင်ဂျင်ဟောင်(Wil Persekutuan၊ မလေးရှား)က ၁ နာရီ ၄၂ မိနစ် ၁၂ ဒသမ ၀၅ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ပြည့်ဖြိုးထွန်း(မြန်မာ)က ၁ နာရီ ၄၇ မိနစ်၊ ၃၁ ဒသမ ၇၉ စက္ကန့်ဖြင့် ငွေတံဆိပ်၊ ဂျာလာနီ (မီလာကာ၊ မလေးရှား)က ၁ နာရီ ၄၉ မိနစ် ၂၀ ဒသမ ၉၀ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိသည်။

### ဝင်ရောက်ယှဉ်ပြိုင်

အောင်ပွဲရ မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်/နည်းပြအဖြစ် ဦးထွန်းတင်(ဆီးဂိမ်းရွှေတံဆိပ်ဆုရှင်ဟောင်း)၊ ကစားသမားများအဖြစ် ပြည့်ဖြိုးထွန်းနှင့် ဇင်မေထက်တို့ ပါဝင်ကြသည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် လမ်းလျှောက် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်မျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဇင်မေထက်က ရွှေတံဆိပ်၊ ပြည့်ဖြိုးထွန်းက ငွေတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ပြီး အိမ်ရှင်မလေးရှား ပြေးခုန်ပစ်အဖွဲ့သည် လက်ရွေးစင်ကစားသမားများ အပါအဝင် ကစားသမားအင်အားအများအပြားဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ကစားသမားများအနေဖြင့် မလေးရှားနိုင်ငံရှိ မြို့များကိုယ်စားပြု ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – ကိုထွန်း**

# ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ကျောင်းနေအရွယ်ကလေးငယ်ပေါင်း ၆၂၅၀၀၀ ခန့် ပညာသင်ကြားခွင့် ဆုံးရှုံးလျက်ရှိ



**ဂျေရုဆလင် ဇွန် ၁၆**

ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ကျောင်းနေအရွယ်ကလေးငယ်ပေါင်း ၆၂၅၀၀၀ ခန့် ပညာသင်ကြားခွင့် ဆုံးရှုံးလျက်ရှိကြောင်း ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်အမှုဆောင်အေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ပါလက်စတိုင်း ကလေးငယ်များအား ပညာသင်ကြားမှု ပြန်လည်စတင်ရန် ကူညီပေးသည့် လှုပ်ရှားမှုများဆောင်ရွက်ကာ ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်ဟု အဆိုပါအေဂျင်စီက ဆိုသည်။

သို့သော် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး ချက်ချင်းလုပ်ဆောင်သင့်ကြောင်းလည်း ယင်းအေဂျင်စီက ဆက်လက်ပြောကြားသည်။

စစ်ပွဲကြောင့် စာသင်ကျောင်းများ ပျက်စီးသွားသည့်အတွက် ကလေးငယ်များ၏ ပညာသင်ယူရန် အခွင့်အရေးများဆုံးရှုံးလျက်ရှိကြောင်း အေဂျင်စီက ဆိုသည်။

ကလေးများသည် ပဋိပက္ခများနှင့် စစ်ပွဲများတွင် အဆိုးရွားဆုံး ခံစားနေကြရကာ ၎င်းတို့ထဲမှ အများအပြား သေဆုံးပြီး အခြားသူများ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အများစုမှာ ဘဝတစ်သက်တာလုံး စိတ်ဒဏ်ရာဒဏ်ချက်များ ခံစားရမည်ဖြစ်ကြောင်း အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇွန် ၁၄ ရက်အထိ ပဋိပက္ခများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၇၂၉၆ ဦးရှိပြီး ၈၅၁၉၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘာတစ်ဝန်း၌ ရွှေ့ပြောင်းနေထိုင်သူ အရေအတွက် ၂၀၂၃ ခုနှစ်အကုန်တွင် သန်း ၁၂၀ နီးပါး စံချိန်တင်မြင့်တက်

**ကုလသမဂ္ဂ ဇွန် ၁၆**

ကမ္ဘာတစ်ဝန်း၌ ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်သည် ၂၀၂၃ ခုနှစ်အကုန်တွင် သန်း ၁၂၀ နီးပါး စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇွန် ၂၀ ရက် ကမ္ဘာ့ဒုက္ခသည်များနေ့မတိုင်မီ အစီရင်ခံစာတစ်စောင်ကို ဇွန် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစီရင်ခံစာတွင် ပဋိပက္ခဖြစ်ပွားမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကဲ့သို့သော အကြောင်းရင်းများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စာရင်းဇယားများ ပါဝင်သည်။

၂၀၂၃ ခုနှစ်ကုန်တွင် ခန့်မှန်းခြေ ပြည်သူ ၁၁၇ ဒသမ ၃ သန်းသည် အိုးမဲ့အိမ်မဲ့ဖြစ်နေဆဲဖြစ်ပြီး ၂၀၂၂ ခုနှစ်ကထက် ၈ ဒသမ ၈ သန်း တိုးလာကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ကာ လူဦးရေ ၁ ဒသမ ၇ သန်း သို့မဟုတ် လူဦးရေ ၇၅ ရာခိုင်နှုန်းအထိ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆူဒန်နိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် မေလအထိ နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်သူဦးရေသည် ၇ ဒသမ ၁ သန်းကျော်အထိရှိကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်သူ ၁ ဒသမ ၉ သန်းရှိကြောင်း အစီရင်ခံစာအရ သိရသည်။ ဆူဒန်တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့တစ်ခုအကြား ပဋိပက္ခသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် စတင်ဖြစ်ပွားခဲ့သည်။

ကုလသမဂ္ဂအေဂျင်စီက အတင်းအဓမ္မ ရွှေ့ပြောင်းခံရမှု စံချိန်တင်အဆင့်ရောက်ရှိနေသည့်အတွက် လွန်စွာစိုးရိမ်ကြောင်း ပြောကြားပြီး ဒုက္ခသည်များအတွက် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုများ ပိုမိုလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။ ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူဦးရေသည် ကမ္ဘာ့ ၁၂ ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံနှင့် ညီမျှလုနီးပါး ဖြစ်နေကြောင်း အေဂျင်စီက ပြောကြားသည်။



ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ စစ်ဆင်မှုများကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့သူများအား တွေ့ရစဉ်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ ငတ်မွတ်မှုဘေးဆိုးများ မကြာမီဖြစ်ပေါ်လာနိုင်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအေဂျင်စီ ပြောကြား

**ဂျေရုဆလင် ဇွန် ၁၆**

ဂါဇာကမ်းမြောင်ဒေသ၌ ချက်ချင်းအပစ်အခတ်ရပ်စဲရေး တောင်းဆိုထားသော်လည်း နယ်မြေတောင်ပိုင်းတွင် ငတ်မွတ်မှုဘေးဆိုးများ မကြာမီ ဖြစ်ပေါ်လာနိုင်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေး ညှိနှိုင်းမှုများသည် လက်ရှိအချိန်အထိ အောင်မြင်မှုမရရှိသေးဘဲ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဂါဇာရှိ လူသားချင်းစာနာမှု အခြေအနေမှာ ဆိုးရွားလျက်ရှိသည်။

**၁၉ ဦး သေဆုံး**

ဇွန်၁၅ရက်တွင် ဂါဇာမြောက်ပိုင်းရှိ နေအိမ်များကို အစ္စရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက်မှုကြောင့် ၁၉ ဦး သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များကို ကိုးကား၍ ပါလက်စတိုင်း မီဒီယာတစ်ခုက သတင်းဖော်ပြခဲ့သည်။

ဂါဇာကမ်းမြောင်၌ ပြည်သူများသည် မိလ္လာစနစ်များ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပျက်စီးဆုံးရှုံးလျက်ရှိနေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ လက်ထောက်အမှုဆောင်ဒါရိုက်တာ ကားလ်စကာအူက ပြောသည်။

တောင်ပိုင်းရှိရာဖာမြို့အပါအဝင် ဂါဇာရှိ အချို့သောနေရာများတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိခြင်းကြောင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် စားနပ်ရိက္ခာ အကူအညီများ ပေးပို့ရန် မဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရကြောင်းလည်း ၎င်းက ဆိုသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများ ပေးပို့ရာတွင် အသုံးပြုသည့် ယာယီဆိပ်ခံအား ပင်လယ်ရေမြင့်တက်လာမှုကြောင့် ပင်လယ်ရေကြောင်းစင်္ကြံမှ ယာယီဖယ်ရှားမည်ဖြစ်ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ကြေညာခဲ့သည်။

ရာသီဥတု ကောင်းမွန်သည့်အချိန်တွင် ဆိပ်ခံတံတားအား ကမ်းစပ်တွင် ပြန်လည်ကျောက်ချမည်ဖြစ်ပြီး ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဇွန် ၁ ရက်အထိ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၁၉၇ ဦးရှိလာ

**မနီလာ ဇွန် ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဇွန် ၁ ရက်အထိ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၁၉၇ ဦးရှိကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁ ရက်အထိ ခြင်ကြောင့် ရောဂါကူးစက်ခံရသူ ၇၀၅၀၀ နီးပါးကို မှတ်တမ်းတင်ထားကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာမည်ကို စိုးရိမ်ကြောင်းနှင့် အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။

**သတိပေးပြောကြား**

ခြင်များပေါက်ဖွားနိုင်သည့် နေရာများကို ရှင်းလင်းခြင်းမပြုလုပ်ပါက နိုင်ငံတစ်ဝန်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုများပြားလာနိုင်ကြောင်း ကျန်းမာရေးဌာနက သတိပေးပြောကြားသည်။

လူဇွန်ကျွန်းမြောက်ပိုင်းနှင့် ဖိလစ်ပိုင်တောင်ပိုင်းရှိ ဒေသခုနစ်ခုတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုသည် မကြာသေးမီ ရက်သတ္တသုံးပတ်မှ လေးပတ်အတွင်း မြင့်တက်လာကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မိုးရာသီစတင်ပြီဖြစ်သည့်အတွက် ခြင်အန္တရာယ်ကို အထူးသတိပြုရန်လိုအပ်ကြောင်း ကျန်းမာရေးဌာနက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဖိလစ်ပိုင်နိုင်ငံ၌ ဖြစ်ပွားလေ့ရှိသည့် ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများသည် များသောအားဖြင့် မိုးရာသီအစတွင် ရာသီဥတုအကူးအပြောင်း၊ ရေကြီးခြင်းနှင့် ညစ်ညမ်းသောရေများ စုဝေးလျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့်ပစ်ခတ်မည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှု အခြေပြဇယား




**နေပြည်တော် ဇွန် ၁၆**

တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် ပူးပေါင်းပါဝင်မှုများကြောင့် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ကြံစည်ခဲ့သည့် အကြမ်းဖက်သမားများဖြစ်သည့် **ချိုကြီး(ခ)ဟိန်းထက်အောင်** အပါအဝင် တရားခံ ကျား ရှစ်ဦး၊ မ တစ်ဦး ပေါင်း ကိုးဦးတို့အား ၁၀၇ မမရှော့တိုက်ဒုံး သုံးလုံး၊ ဖျူးစ်သုံးခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့်သတင်းကို ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဖမ်းဆီးရမိတရားခံ **ချိုကြီး(ခ)ဟိန်းထက်အောင်**၏ ထွက်ဆိုချက်အရ ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် လုပ်ငန်းများလုပ်ဆောင်လျက်ရှိသော Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **မျိုးသိန်းထွန်း**(၃၄)နှစ်အား FGC-9 သေနတ်တစ်လက်၊ ကျည်အိမ် တစ်ခုတို့နှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းအိမ်ရာ ပျိုးခြံလိုင်း အခန်းအမှတ်(၁၃)တွင် လည်းကောင်း၊ **ဇော်ကြီး(ခ)ကိုထက်** (၃၀)နှစ်အား လက်လုပ်မိုင်း တစ်လုံး၊ တရုတ်လက်ပစ်ဗုံး တစ်လုံး၊ ရီမုတ စ်ခုတို့နှင့်အတူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပိတောက်လမ်း အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ နီလာအဆောင် အခန်းအမှတ်(B-7)တွင် လည်းကောင်း၊ **ရဲဇော်ထွန်း(ခ)ဖီးနစ်**(၃၄)နှစ်အား ပွိုင့်-၃၈ ကျည် ၂၉ တောင့်၊ လက်လုပ်မိုင်း ငါးလုံး၊ လက်လုပ်ရှို့ပစ်ဗုံး တစ်လုံး၊ Keypad ဖုန်းလေးလုံး၊ ဓာတ်ခဲ ကိုးလုံး၊ ပုလဲဓာတ်မြေသြဇာ တစ်ထုပ်တို့နှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းအိမ်ရာ သီဟလိုင်း အခန်းအမှတ်(၄)တွင် လည်းကောင်း၊ **ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း**(၂၁)နှစ်အား လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ တိုက်(၄၅) အခန်း(၁၀၃)တွင် လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ချိုကြီး(ခ)ဟိန်းထက်အောင်၊ ရဲဇော်ထွန်း(ခ)ဖီးနစ်၊ ဇော်ကြီး(ခ)ကိုထက်နှင့် ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း**တို့သည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် လူမှုကွန်ရက်၌ ရင်းနှီးခဲ့သူ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဖြူနှင်းအေး(ခ)မီးအိမ်ရှင်**၏ စည်းရုံးမှုဖြင့် KNLA တပ်မဟာ(၆) လှုပ်ရှားနယ်မြေ လေးကေ့ကော်မြို့သစ် အနီး၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်စဉ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG မှ **တရားခံပြေး ရည်မွန်** ဦးဆောင်ပြုလုပ်သည့် Online Meeting တွင် ပါဝင်တက်ရောက်ခဲ့ကာ **တရားခံပြေး ရည်မွန်** က အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းဆင်းပြီးပါက ရန်ကုန်မြို့အတွင်းသို့ လျှို့ဝှက်စွာ ပြန်လည်ဝင်ရောက်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်စေခိုင်းခဲ့ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများအား ချိတ်ဆက်ပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ **ချိုကြီး(ခ)ဟိန်းထက်အောင်၊ ရဲဇော်ထွန်း(ခ)ဖီးနစ်၊ ဇော်ကြီး(ခ)ကိုထက်နှင့် ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း** တို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါလေး** ခေါင်းဆောင်သည့် Dark Shadow အမည်ခံ

**စာမျက်နှာ ၁၅ သို့ »»**

သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို အကြမ်းဖက်သမားများက ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေ



၂၀၂၄ ခုနှစ် ဇွန် ၈ ရက် နံနက်ပိုင်းတွင် သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့်ပစ်ခတ်မည့် အကြမ်းဖက်သမား ကိုးဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား








သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိမှု အခြေပြဇယား



မျိုးသိန်းထွန်း (၃၄)နှစ်





ဇော်ကြီး(ခ)ကိုထက် (၃၀)နှစ်



»»» စာမျက်နှာ ၁၄ မှ
အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် ရန်ကုန်မြို့အတွင်းရှိ လှိုင်သာယာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံ(ဆိပ်ကမ်း) မြို့နယ်တို့တွင် အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ငွေကြေးများအား **တရားခံပြေး ရည်မွန်**က ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါလေး**မှတစ်ဆင့် ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **တရားခံပြေး ရည်မွန်**၏ စေခိုင်းမှုဖြင့် Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့မှ ရန်ကုန်မြို့အတွင်း၌ အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- တရားခံ **ရဲဇော်ထွန်း(ခ)ဖီးနစ်**သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်း နှစ်လုံး သွားရောက် ဖောက်ခွဲခဲ့ကြောင်း။
- တရားခံ **ဇော်ကြီး(ခ)ကိုထက်**နှင့် **ရှိန်းမြင့်မိုရ်အောင်(ခ) ကိုရှိန်း**တို့ နှစ်ဦးသည် ၂၀၂၄

**သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိမှု အခြေပြဇယား**


ရဲဇော်ထွန်း(ခ)ဖီးနစ်(၃၄)နှစ်


ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း(၂၁)နှစ်



ခုနှစ် ဧပြီလ(ဒုတိယပတ်)တွင် လှိုင်သာယာမြို့နယ် (၅)လမ်းထိပ် ရဲကင်းစခန်းအား လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းအသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာမှ နေအိမ် ၄၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ် ၄၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်လှုံ့ဆော်နေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖက်တောရေကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ငွေကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၁ ရက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ဖက်တောရေကျေးရွာနှင့် မီတာ ၅၀၀ ခန့်အကွာတွင် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်း နှစ်ခုအား တွေ့ရှိရပြီး ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းအတွင်းမှ လက်လုပ်မိုင်းများနှင့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းအချို့ကို တွေ့ရှိရသည့်အတွက် ပြည်သူများ အန္တရာယ်မဖြစ်ပွားရေးအတွက် စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ရကြောင်းနှင့် ဖက်တောရေကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aye Sandar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဘီးကြီးကျေးရွာနေ အေးစန္ဒာအား ည ၁၀ နာရီခွဲတွင် သုံးဆယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထားဝယ် ဇွန် ၁၆**

ပြည်သူများအနေဖြင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို အလေးထား သိရှိနားလည်နိုင်စေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒ အကျိုးများရရှိစေရေးတို့ကို ရည်ရွယ်၍ ယမန်နေ့ နံနက် ၇ နာရီခွဲက ထားဝယ်မြို့ တနင်္သာရီ တိုင်းဒေသကြီး လွှတ်တော်ရုံးဝင်းအတွင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ရုံးမှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက သတ်မှတ်နေရာများတွင် မဟော်ဂနီ၊ ပျဉ်းကတိုး၊ စုစုပေါင်း ပျိုးပင် ၃၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

❐

# သရက်ချောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သရက်ချောင်း ဇွန် ၁၆**

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ သစ်တောဦးစီးဌာနကကြီးမှူး၍ ယမန်နေ့ နံနက် ၈ နာရီက မြို့မရပ်ကွက်ရှိ နယ်မြေခံတပ်နယ်ဝင်းအတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးဦးတို့က ပျိုးပင်များ ပေးအပ်ရာ သရက်ချောင်းမြို့နယ် တပ်နယ်မှူး ဗိုလ်မှူး အာကာဝေမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ပညာရေးဌာနနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ပြီး တက်ရောက်လာသူများက သတ်မှတ်နေရာ အသီးသီးတို့၌ ကံ့ကော်၊ စိန်ပန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ မဲဇလီ ပျိုးပင်ပေါင်း ၅၀၀ အား စနစ်တကျ စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



# စစ်ကိုင်းခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စစ်ကိုင်းမြို့ရှိ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့များနှင့် တွေ့ဆုံပွဲ ကျင်းပ



မုံရွာ ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် စစ်ကိုင်းခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းမြို့နယ်နှင့်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌများက မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် စစ်ကိုင်းခရိုင်၏မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းမြို့အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မြို့မိမြို့ဖများအနေဖြင့် စစ်ကိုင်းမြို့အား ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် လုပ်ငန်းများစံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်တွင်ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းနှင့်စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား လျာထားချက်ထက်ပြည့်မီကျော်လွန်အောင်ထွက်ရှိရေးတို့အား အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါအစည်းအဝေးခန်းမတွင် စစ်ကိုင်းမြို့ရှိမြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတောင်ရိုးရှိ ဘုရားစေတီပုထိုးများအား လာရောက်ဖူးမြော်ကြမည့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့်ဖူးမြော်နိုင်ရေး ဂေါပကအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် အမြဲသန့်ရှင်းသပ်ရပ်စေရေးတို့အား ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



လှိုင်းဘွဲ့ ဇွန် ၁၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံ-နဘူး ကားလမ်း လမ်းဘေးဝဲ/ယာ၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသန်း၊အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇော်ရိုန်းအောင်၊ အဖွဲ့ဝင်(၂) ဦးမြတ်စိမ်းနှင့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ်ဖွဲ့မှ အရာရှိနှင့် အကြပ်စစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများက မန်ဂျန်ရှား၊ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော် စုစုပေါင်း ပျိုးပင် ၈၈၅ ပင်တို့ကို စုပေါင်း၍စိုက်ပျိုး ခဲ့ကြကြောင်း သိရသည်။ လင်းသန့်(ပြန်/ဆက်)



## ကျုံပျော်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဘေဘုတ်စိုက်ထူပွဲ ကျင်းပ

ကျုံပျော် ဇွန် ၁၆

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ၂၀၂၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဘေဘုတ် စိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လွင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သီတာဝင်းတို့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ မြို့နယ်(ပြန်/ဆက်)

## တာမွေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်သည့် အသိပညာပေး ပိုစတာစိုက်ထူ



တာမွေ ဇွန် ၁၆

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်သည့် အသိပညာပေး ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့နံနက်က ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ကျိုက္ကဆံလမ်း လမ်းဆုံနေရာရှိ ရာပြည့်ဈေးရှေ့၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ တာမွေမြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးကိုးအောင် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ နိုင်လင်းအောင်(ပြန်/ဆက်)

## ဂွမြို့နယ်၌ မျိုးစပါးနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



ဂွ ဇွန် ၁၆

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား စိုက်ပျိုးရေးသွင်းအားစု မျိုးစပါးနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလင်းက စိုက်ပျိုးရေးသွင်းအားစု မျိုးစပါးနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်အမှတ်(၂) နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ ဗျူဟာမှူး ဗိုလ်မှူးကြီး စောနောင်၊ ခရိုင်ဦးစီးမှူး ဦးအောင်မိုးမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဘက်စုံကျေးရွာမှ တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ဖြစ်သော မိုးစပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာများကို ပေးအပ်ခဲ့သည်။

ဂွမြို့နယ်အနေဖြင့် ယခင်ကမိုးစပါးတစ်ဧကလျှင် တင်း ၆၀ မှ တင်း ၇၀ အထိသာ ထွက်ရှိသော်လည်း ယခုအခါ တင်း ၁၀၀၊ တင်း ၁၀၀နှင့် အထက် ထွက်ရှိနေကြောင်းနှင့် ဂွမြို့နယ်တွင် ကျိန္တလီမြို့အပါအဝင် မျိုးစေ့ထုတ်တောင်သူ ၅၈ ဦးရှိပြီး မိုးစပါးမျိုးစေ့ထုတ်ဧက ၂၆၀ နှင့် မိုးစပါးစိုက်ဧက ၂၃၁၆၁ ဧက ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေရည်ဝင်းကျော်

# မြန်အောင်ခရိုင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူ

မြန်အောင် ဇွန် ၁၆

ဧရာဝတီ တိုင်းဒေသကြီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြန်အောင်မြို့ ပြည်သူ့ရင်ပြင်ရှေ့၌ ကျင်းပသည်။



ဦးစွာ အသိပညာပေး ဆိုင်းဘုတ်အား မြန်အောင်ခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင် သန်းခေါင်စာရင်း ကော်မတီ အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်နှင့် ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ခရိုင်လဝကဦးစီးမှူး ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး ဆိုင်းဘုတ်အား မြန်အောင်ခရိုင်/မြို့နယ် သန်းခေါင်စာရင်း ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး သန်းခေါင်စာရင်း အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ဝင်းမိုလ်(မြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လူထုအသိပညာပေး ဆောင်ရွက်

ဓနုဖြူ ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် မြို့မဓမ္မာရုံရှေ့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အိမ်ထောင်စုလူဦးရေသန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးပိုစတာ စိုက်ထူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ဟိန်းထက်ဇော်၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ အတွင်းရေးမှူး ရဲမှူးအောင်နိုင်ဝင်း၊ သန်းခေါင်စာရင်း ကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ကြသည်။ ထို့နောက် ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်းစာရင်းကောက်ကြစို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အောင်ပြည့်ဖြိုးဇော်(မြန်/ဆက်)

# ဂျပန်ကုမ္ပဏီ ၃၆၀ ကျော်က မြန်မာအလုပ်သမား ၁၅၀၀ ကျော် ခေါ်ယူမည်

ရန်ကုန် ဇွန် ၁၆

ဂျပန်ကုမ္ပဏီ ၃၆၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၅၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်ထားသည်။

**ထုတ်ပြန်ထား**

မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာလက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မေ ၇ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၆၉ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား ထုတ်ပြန်ထားခြင်း ဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၃၆၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၅၀၀ ကျော်၊ အမျိုးသမီး ၁၀၀၀ ကျော် စုစုပေါင်း ၁၅၀၀ကျော် ခေါ်ယူမည်ဖြစ်ကြောင်း၊ မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံးက ပြီးခဲ့သည့်မေ ၃၁ရက်က ထုတ်ပြန်ခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၀ ကျော်နှင့်ပတ်သက်၍ အချက်အလက်များအား အသိပေးထုတ်ပြန်ခဲ့ရာ တွင်လည်း မြန်မာအလုပ်သမားဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

MT

# လှိုင်မြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက စားသောက်ဆိုင်၊ ရွှေနှင့်လက်ဝတ်ရတနာဆိုင်၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်၊ ဟိုတယ်/တည်းခိုခန်းလုပ်ငန်း၊ ကိုယ်ပိုင်ကျောင်း၊ အထူးကုဆေးရုံနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များအား ဇွန် ၁၄ ရက်တွင် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးက ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။




အဆိုပါ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၂၀ တို့ တက်ရောက်ကြပြီး တက်ရောက်သူများအား အခွန်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။

အောင်မြင့်(မြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၆-၂၀၂၄ တနင်္လာနေ့

### MRTV HD

၀၆:၀၂ အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
၀၉:၁၅ "မြန်မာလူမျိုးတို့ရဲ့မပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းပဲကြော်" (MSME)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ Economic Review - "Digital Economy & Literacy"
၁၁:၂၅ ဘဝနှင့်အနုပညာ "အနုပညာများဖြင့်ထာဝရသာ" (အကယ်ဒမီရဲအောင်) (အပိုင်း-၂)
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ဆုတောင်းပြည့် ကြယ်တာရာစတာလာ' (အပိုင်း-၆၈)
၁၃:၃၀ MRTV National News
၁၅:၁၀ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
၁၆:၄၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၂၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၇:၄၀ This Week's Special Interest
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မျှော်လင့်ခြင်းအိပ်မက်' (အပိုင်း-၂၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၆)
၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ "လျှို့ဝှက်လရောင်" (အပိုင်း-၁၀)

### mitv

07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:09 Ecotourism: Monywa Tourism Zone
07:29 Myanmar Avocado In The Global Market
07:55 Mingala Prayer (Version-1)
08:01 News
08:26 Asia Updates; Disaster Response Robots
08:42 Myanmar Childhood Games (Episode-2)
08:50 Beach Food Delivery
09:01 Let's Explore Organic Farming
09:47 Tahbuhla Dam & Oakkan Chaungtha
10:01 News
10:26 Topical Topics (No. 8) Children Literature & Opportunity of Learning
10:31 Listening Pleasure, Instrumental Music (Xylophone) Tain Taman

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
သာယာလှပတဲ့နမ့်ဖေးရေတံခွန်ဆီသို့

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ'ရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ရိုးရာရက်ကန်းနှင့်အထည်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ခရီးတစ်ခေါက်

**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်ပုံ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ဖျိုင်းဖြူရွာကရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အံ့ဩဖွယ်ရာပဒုံဂူမြေမှာ

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ကျန်းမာရေးအတွက်အကျိုးအာနိသင်တွေပေးတဲ့မန်ကျည်းသီး

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာမညမြေမှအမွေအနှစ်များ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
Arakan Talented Star (ဒိုးကလေး-Interview)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ဒါဏ်"
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
၁၈:၀၀ Economic review " Digital Governance"

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့စနစ်ကျ လယ်မြေဖော်ထုတ်ကြပါစို့
၀၆:၅၀ တောင်သူ့မြေမှရေအနည်းလို(၇)စပါးမျိုး၏ သတင်းစကား
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ သားပိုက်ကောင်(ဇာတ်လမ်း) ဒါရိုက်တာ-စတီးလ်၊ သရုပ်ဆောင်-ထွန်းထွန်း၊ စိုးမြတ်သူဇာ
၂၂:၀၀ Way Back Home (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary Euro 2024 Stadioum)
၀၇:၄၀ Weekly Sports Info
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

❒ ကျောဖုံးမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၂) သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ဖျောက်ဆိတ်၊ ရင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ ■

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေးဆိုင်းဘုတ် စိုက်ထူ

လပွတ္တာ ဇွန် ၁၆

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူခြင်းကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သကျမာရဇိန်ဆုတောင်းပြည့်ဘုရားရှေ့ စိန်ရတုလမ်းထောင့် လူစည်ကားရာနေရာတွင် ယမန်နေ့နံနက် ၈ နာရီက ကျင်းပသည်။



ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူပွဲတွင် လပွတ္တာခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ပပဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးနှင့် ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လူထုအသိပညာပေး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းခဲ့သည်။

ဆက်လက်၍ အသိပညာပေးလက်ကမ်း စာစောင်များကို တာဝန်ရှိသူများက ပြည်သူများထံသို့ လိုက်လံပေးဝေခဲ့ကြကြောင်း သိရသည်။

မူမူ

## ငပုတောမြို့၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

ငပုတော ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့က လူစည်ကားရာ မဂ္ဂင်လမ်းရှူခင်းသာကားဝင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဆီဆိုင်မြို့၌ ဝန်ထမ်းအိမ်ရာ ရာနှုန်းပြည့်ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ ဝန်ထမ်းများအား ပြန်လည်နေရာချထားပေး

ဆီဆိုင် ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးမှုကြောင်းပျက်စီးခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက လေးထပ်တိုက်ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ ဌာနဆိုင်ရာဝန်ထမ်းများ ပြန်လည်နေရာချထားပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါနေရာ၌ ပြုလုပ်သည်။



ဦးစွာ ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ ဒေသဦးစီးမှူး ဒေါ်သီတာသန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

စုပေါင်းစိုက်ပျိုး

ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆီဆိုင်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ဝန်ထမ်းအိမ်ရာရှိတိုက်ခန်းများအလိုက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဝန်ထမ်းအိမ်ရာ စိမ်းလန်းစိုပြည်စေရန်အတွက် အရိပ်ရသစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

နေမင်း(ဆီဆိုင်)

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။



၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## အင်္ဂပူမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

အင်္ဂပူ ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လူထုအသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆိပ်ကမ်းသာလမ်းဆုံ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လှုံ့ဆော်ရေး အသိပညာပေးမြေစိုက်ပိုစတာဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မိုင်းဆတ်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ



**မိုင်းဆတ် ဇွန် ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်း စာစောင်များကို ယမန်နေ့နံနက် ၇ နာရီခွဲက မြို့မ ဈေးရှေ့နှင့် ဆိုက်ခေါင်လမ်းဆုံ တို့တွင် ဖြန့်ဝေခဲ့ကြောင်း သိရ သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်း စာစောင်ဖြန့်ဝေခြင်းကို ခရိုင် သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးညီညီထွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသန့်၊ မြို့နယ်သန်းခေါင် စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအားလွန်၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ခရိုင်/မြို့နယ် ရုံးမှ ဝန်ထမ်းများက လက်ကမ်း စာစောင် ၃၀၀ ကို ပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေ ပေးခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင် တွင် သန်းခေါင်စာရင်းကောက်ယူ သည့် ရည်ရွယ်ချက်၊ သန်းခေါင် စာရင်း ထည့်ကောက်ရမည့်သူများ၊ သန်းခေါင်စာရင်း ကောက်ယူရာ တွင် မှန်ကန်စွာဖြေဆိုခြင်းဖြင့် ကူညီပါ စသည့်အကြောင်းအရာ များ စုံလင်စွာပါရှိကြောင်း သိရ သည်။ **မြင့်မောင်(မိုင်းဆတ်)**

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ



**ကလိန်အောင် ဇွန် ၁၆**

သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မိတ်ဖက်ကုမ္ပဏီများ၊ CSR အဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာ/အဖွဲ့အစည်းများနှင့် စီမံကိန်းဧရိယာမှ ဒေသခံ ပြည်သူများ ပူးပေါင်း၍ "နေရင်းဒေသပြန်လည်တည်ထောင်ရေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ"ကို ယမန်နေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်း ဒေသကြီး ကလိန်အောင်မြို့ ဓာတ်ငွေ့ပိုက်လိုင်းထိန်းသိမ်းရေးလမ်း (Service track)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တနင်္သာရီ သဘာဝကြိုးဝိုင်း စီမံကိန်းမှ ဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့် စီမံကိန်းဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၈၀ ခန့် တက်ရောက် ကြပြီး ဒေသမျိုးရင်းသစ်မျိုးများနှင့် တောရိုင်းတိရစ္ဆာန်အထောက်အကူ ပြုသစ်မျိုးများဖြစ်ကြသည့် ပျဉ်းကတိုးပင် ၂၅၀၊ ဥပန်းကရားပင် (ဖွတ်မတက်) ၁၀၀၊ တောင်ကဲ့ကော်ပင် ၅၀၊ သင်္ကန်းပင် ၅၀၊ သပြေ ပင် ၅၀၊ ကညင်ပင် ၂၀၊ သစ်ရှိပင် ၂၀ စုစုပေါင်း အပင် ၅၄၀ ကို စိုက်ပျိုး ခဲ့ကြကြောင်း သိရသည်။

**ခင်ခင်လှဲ့(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**တိုက်ကြီး ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၇ နာရီခွဲ က ရန်ကုန်-ပြည် ကားလမ်းမပေါ်ရှိ စုပေါင်းရုံးလမ်းဆုံထောင့်နှင့် တောင်ပေါ်လမ်းဆုံထောင့်တို့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါ အခမ်းအနားကို တိုက်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄ ခုနှစ်



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် လူတိုင်းပါဝင်စို့ အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **ဉာဏ်ဟိန်း**

# ဇလွန်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ



**ဇလွန် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူနိုင်ရေးအတွက် လူထု အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၈ နာရီတွင် မီးပွိုင့်လမ်းဆုံတွင် ဆောင်ရွက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူ နိုင်ရေးအတွက် လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝမ်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေး နံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းသစ်လမ်း၊ အမှတ် (၅၂၆)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မရမ(နိုင်)၀၃၀၅၂၇] ကိုင်ဆောင်သူ ဦးတင်မောင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာ အပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ အောင်တော်မူရပ်ကွက်၊ မြစန္ဒာလမ်း၊ ၂၈x၂၉ လမ်းကြား၊ ၆၂x၆၃ လမ်းကြား၊ (၆၂ - B )၊ အမှတ် (၁၃/က)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား-၄၀ပေxအနံ-၆၀ပေ + လမ်းကြား ၁၀ ပေ)ရှိသည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နံရံကပ်နှစ်ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ၏ မိဘများဖြစ်ကြသော ဦးဇော်ဌေးနှင့် ဒေါ်ခင်စိန်တို့ ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ဖခင်ဦးဇော်ဌေးသည်(၅-၁၀-၂၀၀၅)ရက်နေ့တွင်လည်းကောင်း၊ မိခင် ဒေါ်ခင်စိန်သည် (၁၅-၁၂-၂၀၂၀)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေ၏မိဘများပိုင်ဆိုင်သော အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေအပါအဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့် ရှိကြသော အမွေဆိုင်(၁၀)ဦးတို့က အမွေဝေစု အချိုးကျပိုင်ဆိုင်ကြပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ ကျန်အမွေဆိုင်များမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍လိုက်နာခြင်းမရှိပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး**
**LL.B, D.B.L,D.IBL,101.WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၆၂)**
**အမှတ်(၅၀၇/B)၊ Varsity House၊ ပထမထပ်၊ ပြည်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၀၆၀၁၁၊ ၀၉-၂၅၄၅၁၂၀၁၀**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ မြေကွက်အမှတ်(၉၉၉)၊ အကျယ်အဝန်း(အလျား ၄၀ ပေxအနံ ၆၀ ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိသော နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၉၉၉)၊ အနော်ရထာ လမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင် သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက်ဖြစ်သော ဒေါ်ခင်ဇော်ဝင်း[၅/ကလန (နိုင်)၀၀၄၈၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းဖြိုး[၁၂/မရက(နိုင်) ၁၃၃၉၇၇]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက် အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းအရှေ့ရပ်ကွက်၊ ရွှေလှိုင်လမ်း၊ အမှတ် (၇၉)မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ ၅-လွှာ၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသူ ဒေါ်ချိုမာလွင်[၁၂/ကမတ(နိုင်)၀၀၂၆၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထူးဇော်ဝေ[၉/ခအဇ(နိုင်)၀၁၇၂၂၃]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုး သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**



## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

(၁) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (27- D)၊ မြေကွက်အမှတ် - (၆ စီ)၊ ဧရိယာ (၀. ၅၆၄) ဧက အကျယ်အဝန်းရှိ ဂရန်ရှိမြေပိုင်မြေ၊ မစိုက် ပျိုးမြေအမျိုးအစားမြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (27-D)၊ မြေကွက်အမှတ်-(၆ဒီ/၂)၊ ဧရိယာ (၀.၁၀၁)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေ အမျိုးအစား မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်တို့ပေါ်ရှိရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ် (၃၉)ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားလက်ဝယ်ထား ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ များဖြစ်သော (၁) ဦးသိန်းအောင် [၁၂/လသန(နိုင်)၀၀၀၅၀၈]၊ (၂) ဦးထွန်းအေး [၁၂/လသန(နိုင်)၀၁၄၄၁၅]၊ (၃) ဒေါ်မူမူဆွေ [၁၂/ဗတထ (နိုင်)၀၂၄၀၇၁]နှင့် (၄) ဒေါ်ဖြူဖြူဆွေ [၁၂/ဗတထ(နိုင်)၀၂၂၉၆၁]တို့ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သက်ဆိုင် ပါက ကန့်ကွက်လိုပါလျှင် ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သက်ဆုလွင်မောင် (LL.B)** | **ဒေါ်မေမီစော (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၆၆၄)** | **(စဉ်-၁၈၂၆၃)** |

**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၉၈၉၃၊ ၀၉-၄၂၃၇၂၄၈၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အိမ်အမှတ်(၁၇)၊ (၆)လွှာ(ဝဲ)၊ အကျယ်အဝန်း(၁၂'x၅၀') ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်ချိုပြုံး[၁၂/စခန(နိုင်)၀၂၅၇၀၃]၊ ဒေါ်ဆွေမျိုးချစ်[၁၂/ဗဟန(နိုင်)၀၂၀၆၃၆]တို့ထံမှ ကျွန်ုပ်ဦးသက်လွင်[၁၂/လမန(နိုင်)၀၉၈၇၃၀]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက် အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်လွင်[၁၂/လမန(နိုင်)၀၉၈၇၃၀]**
**ဖုန်း-၀၉-၄၄၃၄၃၃၃၈၃၊ ၀၉-၇၉၉၆၈၈၅၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ထောက်ကြန့်ကုန်း၊ ဦးပိုင်အမှတ် - N/ ၉၆၊ ဝွေးတောက်အိုင်ကျေးရွာ၊ ကွင်းအမှတ်- ၉၃၇/C၊ ဧရိယာ (၂)ဧကရှိ မြေယာလုပ်ကိုင်သူ ဦးမြတ်ကို [၁၂/ဗဟန(နိုင်)၀၉၃၂၅၅] အမည်ပေါက်နှင့် လှည်းကူးမြို့နယ်၊ ထောက်ကြန့်ကုန်း၊ ဦးပိုင်အမှတ် - N/ ၉၇၊ ဝွေးတောက်အိုင်ကျေးရွာ၊ ကွင်းအမှတ်- ၉၃၇/C ၊ဧရိယာ (၁.၂၅)ဧကရှိ မြေယာလုပ်ကိုင်သူ ဒေါ်အုန်းအုန်းမြင့် [၁၂/ဗဟန(နိုင်)၀၄၂၁၈၄] အမည်ပေါက်တို့ကို ၎င်းတို့ကိုယ်တိုင်မှ လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချနိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းယုဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၄၂ )**
**အမှတ်-၁၊ အောင်စိတ္တလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၁၇၇၇၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၇၉)ဟု ခေါ်တွင်သည့် (၁)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦမှ (၂၅ပေx ၅၀ပေ)အကျယ်အဝန်းရှိ ဒုတိယထပ် (၃-လွှာ) တိုက်ခန်း၏ ရေ၊ မီးအစုံ အပါအဝင် ဥပဒေအရ ခံစားခွင့်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရှုပ်အရှင်း ကင်းရှင်းပါကြောင်း၊ တရားဝင်လက်ရှိထား စီမံခန့်ခွဲပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသူ ဦးရဲနိုင်လင်း [၁၂/လမတ(နိုင်)၀၃၀၆၆၉]မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး(ခ)လေတွမ် [၇/ကတခ(နိုင်)၀၇၆၃၄၉] က အပြီးအပြတ် ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး(ခ)လေတွမ်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၁၃၈)**
**အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၉၄၇၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ Shwe Zabu River View Complex ရှိ(၈ ၁/၂)ထပ်တိုက်၏ Tower B၊ အခန်းအမှတ်(B-603)၊ (ဆဋ္ဌမထပ်)၊ ကွန်ဒိုတိုက်ခန်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် ဦးမျိုးမြင့်(ခ)CHOW AH FEE [၁၂/ဥကတ(ပြု)၀၀၀၁၁၀] အမည်ပေါက် မှတ်သားထားသည့် တိုက်ခန်းဖြစ်သည်။ ယင်းတိုက်ခန်းနှင့် တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်နိုင်ထွန်း [၁၂/လမတ(နိုင်)၀၃၂၉၄၇] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ မြသီတာရပ်ကွက်၊ မြစန္ဒာ(၂)လမ်း၊ အမှတ်(၁၁)ပေါ်တွင်တည်ရှိသော အကျယ်အဝန်း အလျား(၄၅)ပေxအနံ(၁၀၀)ပေရှိ ခြံမြေ၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ (၁) ဦးအောင်မြင့်သိန်း၊ (၂) ဦးအောင်ကျော်ဦး၊ (၃) ဦးတင်အောင်ကြည် (SCG-012643)၊ (၄) ဦးကျော်မိုး (SCG-015156) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူသွယ် [၁၄/နေဖ (နိုင်)၀၉၁၁၉၉ ]ကိုင်ဆောင်သူမှ ၎င်းခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ. လ. ရ မင်္ဂလာဒုံမြို့နယ်။ ဖုန်း - ၀၉- ၄၅၁၁၂၈၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၆၇၂) အကျယ်အဝန်း (၄၀x၆၀) ပေရှိ ဦးတင်အေးမောင် (ဘ) ဦးသိန်းဟန် (KGN - ၀၃၂၂၄၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း [၁၃/လရန (နိုင်)၁၃၅၄၉၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေစုနိုင် (LL.B),(D.I.L),(D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂အေ-၁၆၇၊ မြေညီထပ်၊ မုဒိတာအိမ်ရာ(၂)၊ ရွာမအနောက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-795499782**

**ဥတု**
**ရာသီ**
**တော**
**ကို**
**မှီ**
**၏**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ လူနေရပ်ကွက်အမှတ်-အင်းဝအိမ်ရာ(TOSTA)၊(ယခင်)ပတ္တမြားရတနာလမ်းနှင့်သဇင်လမ်းထောင့်၊ (ယခု)ပုလဲရတနာလမ်း၊ မြေကွက်အမှတ်(A-၈၀)၊ အကျယ်အဝန်း (၈၅ပေ× ၉၅ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)မြေငှားဂရန်တွင် တရားဝင်(၂)ဦးပူးတွဲအမည်ပေါက်ပိုင်ဆိုင်ထားသူများဖြစ်ကြသော **ဒေါ်လှလှရီ(၁၂/ခရန(နိုင်)၀၇၇၁၂၇)နှင့် ဦးအောင်နိုင်(၉/မနမ(နိုင်)၁၀၂၁၇၆)**တို့က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၈၀၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်း [၅/ရဘန(နိုင်)၀၈၁၇၅၄]သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃၈)ရပ်ကွက်၊ သံချပ်ဝန်ဦးဖြူလမ်း၊ မြေကွက်အမှတ်(၂၀၅-က)၊ ဧရိယာ (၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ခဲ့သူဖြစ်သော ဦးအောင်မျိုးသန့် [၁၂/သကတ(နိုင်)၁၃၄၃၉၀]ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နိုင်နိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၅)**
**အခန်း(၁၀၆)၊ တိုက်(၃)၊ ပထမထပ်၊ အရှေ့အောင်မြေသာစည်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-941456262, 09-262662399**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ(၃)လမ်း၊ အမှတ်(၁၅၁/က)၊ မြေတိုင်းအမှတ်(၅)၊ ဦးရွှေကြင် (AB-၀၄၀၅၉၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီး၏ခြေရင်းခြမ်း အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်အစိတ်အပိုင်းနှင့် နေအိမ် အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်းနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ (၁)ဦးကျော်ထင် [၁၂/မဂတ(နိုင်)၀၈၁၄၈၅]၊ (၂)ဒေါ်တင်မိုးသူ [၁၂/ဥကမ(နိုင်)၀၂၅၄၉၉]တို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေခိုင်လှက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၂၅၆၄**

## ၂၀၂၄ ခုနှစ်၊ မေလ(၂၉)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၁၉ ပါ သွာနုတ္တသမီးအဖြစ် သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်း ကျေးရွာနေ ဒေါ်ချိုမာ(ဘ) ဦးစံတင် မှတ်ပုံတင်အမှတ် [၁၀/ကထန(နိုင်)၀၈၇၄၅၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာနေ ဒေါ်ချိုမာ(ဘ) ဦးစံတင် မှတ်ပုံတင်အမှတ် [၁၀/ကထန(နိုင်)၀၈၇၄၅၈] ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ ဒေါ်လှသန်း၊ မှတ်ပုံတင် [၁၀/ကထန(နိုင်)၀၃၂၆၇၁]အပေါ် ဒေါ်ချိုမာအနေဖြင့် လူမှုရေးကိစ္စများနှင့်ပတ်သက်၍ မိခင်အပေါ် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင်လုံးဝ ပြုလုပ်ခဲ့ခြင်းမရှိပါ။ မိခင်ကိုလည်း ရန်သူသဖွယ် တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်း မျိုးသော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်လည်း တစ်စုံတစ်ရာ ပြုမူဆောင်ရွက်ခဲ့ခြင်းမျိုးလုံးဝမရှိပါ။ အမွေကိစ္စများနှင့် ပတ်သက်၍သော်လည်းကောင်း ပြစ်မှုတစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ခြင်းမျိုးလုံးဝမရှိပါ။ မိခင် ဒေါ်လှသန်းက ဒေါ်ချိုမာအား သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ဥပဒေနှင့်အညီ တစ်စုံတစ်ရာဆောင်ရွက်ခဲ့ခြင်းမရှိပါ။ လွယ်လင့်တကူ သွာနုတ္တသမီးအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့သော်လည်း ဒေါ်ချိုမာမှ မိခင်ဖြစ်သူ ဒေါ်လှသန်းအပေါ်၌ မည်သည့် ပြစ်မှုကိုမျှ ကျူးလွန်ခဲ့ခြင်း လုံးဝမရှိပါ။ ထို့ကြောင့် သမီးအရင်းဖြစ်သူ ဒေါ်ချိုမာက မိခင်ဒေါ်လှသန်းအပေါ် သမီးအရင်းအဖြစ် မေတ္တာမပြတ် ဆက်လက် တည်ရှိနေကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငွေသဲရည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၆၆၁)**
**ကံ့ကော်လမ်းမကြီး၊ ကံ့ကော်ရပ်ကွက်၊ ကျိုက်ထိုမြို့။**
**ဖုန်း-၀၉- ၇၈၇၅၇၃၉၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ ၊ စမ်းချောင်းမြို့ နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်တွင် ဆောက်လုပ်နေသည့် တိုက်အမှတ်(၁၃) ဟုခေါ်တွင်သော(၂)ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦ၏ အခန်းအကျယ်အဝန်း(၁၂ ၁/၂ပေx၅၀ပေ)ရှိ စတုတ္ထထပ်၊ ၅လွှာ(A)၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်ညိုညိုဝင်း[၁၂/ဥကမ(နိုင်)၀၆၀၃၆၀] NYO NYO WIN Construction**ထံမှ တိုက်ခန်းအရောင်းအဝယ် သဘောတူကတိစာချုပ် ချုပ်ဆို၍ ကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူထားသည်ဟုဆိုလာသူ **ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်)၀၄၃၇၂၅]**က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်နွယ်ဦးမွန် [၁၂/ဗဟန(နိုင်)၀၉၆၈၁၂]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆိုပိုင်ဆိုင်မှု စာချုပ် စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူနို့ဖြိုး** | **ဒေါ်စုစုမွန်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၄၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၉၆)** |
| **[LL.B,D.I.P.L,DL-101 WIPO(Switzerland)]** | **[LL.B,D.B.L,D.I.L,D.I.P.L, DL-101WIPO(Switzerland)]** |

**ဖုန်း - ၀၉- ၇၉၉၆၆၄၅၅၇ ၊ ၀၉- ၇၉၉၆၆၄၅၅၆၊ ၀၉- ၅၀၄၉၁၇၄**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ်-၃၄၄၊ မြေကွက်တည်နေရာ အမှတ်- ၃၄၄၊ ရွှေနှင်းဆီ(၆)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးဇော်မင်း (ISN-၀၈၀၄၄၀)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးဇော်မင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူများဖြစ်သူ ဦးရဲသီဟ[၁၂/သဃက(နိုင်)၀၃၆၉၄၁]၊ ဒေါ်ယုယုဇော်[၉/မရတ (နိုင်)၁၀၆၃၆၀]တို့မှ ပါမစ်မူရင်း၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်း၊ အရပ်ကတိစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အဆိုပါပါမစ်မြေကွက်အား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ ပေါင်နှံပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းလျှောက်ထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းအစရှိသည့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ ဝယ်ယူပိုင်ဆိုင်ထားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိတို့(၂)ဦးမှ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်/ကတိသစ္စာပြုလွှာအမှတ်-၇၃၇/၂၀၂၃ (၁၃-၁၁-၂၀၂၃)တို့ တင်ပြ၍ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် R/C ဆ/ဦးနှင့် (၂)ထပ်ပျဉ်ကာသွပ်မိုးဆ/ဦးနှစ်လုံးရှိပြီး (၁)ထပ် RC ဆ/ဦးမှာ လူမနေသော့ဖွင့်ပြ၍ (၂)ထပ်ပျဉ်ကာသွပ်မိုး ဆ/ဦးတွင် ဒေါ်ယုယုဇော်နေထိုင်ပြီး ဦးရဲသီဟ၊ ဒေါ်ယုယုဇော်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးရဲသီဟ+၁တို့၏ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အနောက်ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၁၆)နေ ဒေါ်ခင်အေးရီ [၁၂/ကမတ(နိုင်) ၀၃၁၈၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ တူမဖြစ်သူ ဒေါ်မေသစ်လွင် [၁၂/ကမတ (နိုင်)၀၆၁၃၃၇] သည် ကျွန်ုပ်မိတ်ဆွေနှင့်အတူတကွ နေထိုင်ပြီး အဒေါ်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ငွေရေးကြေးရေး အရှုပ်အရှင်းကိစ္စများကို ကြိမ်ဖန်များစွာ ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပြီး ယခုအချိန်ထိ ဆက်သွယ်၍မရပါ။ ၎င်းမှလည်း ကျွန်ုပ်မိတ်ဆွေနေအိမ်သို့ ပြန်လည်ရောက်ရှိ လာခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ဒေါ်မေသစ်လွင်နှင့် ပတ်သက်ပြီး အရှုပ်အရှင်းတစ်စုံတစ်ရာနှင့် ငွေပေးငွေယူကိစ္စရပ်များ၊ လူမှုရေးပြဿနာများသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးရီနှင့် လုံးဝ (လုံးဝ) သက်ဆိုင်ခြင်းမရှိသဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေ၏အမည် ဂုဏ်သတင်းအား ထိခိုက်နစ်နာအောင် ပြုလုပ်ဆောင်ရွက်ကြသူ မည်သူမဆို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးရီ [၁၂/ကမတ(နိုင်)၀၃၁၈၄၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သော်သော်သက်တင် (LL.B) W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၇)**
**အမှတ်(၇၁)၊ မြေညီထပ်၊ နိဗ္ဗာန်လမ်း၊**
**သာခု(အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉-၂၅၀၀၂၃၆၈၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၀၆)ရပ်ကွက်၊ ကန်သာယာလမ်း၊ အိမ်အမှတ်(၉၈၂)ရှိ ပေ(၂၀x၆၀)အိမ်၊ ခြံ၊ မြေခေါင်းရင်းခြမ်း၊ မြေကွက်(၁)ကွက်နှင့် ယင်းအိမ်၊ ခြံ၊ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်သဉ္ဇာ[၁၂/ဥကတ(နိုင်) ၁၂၈၁၁၄] ကိုင်ဆောင်သူထံမှ အပြီးအပြတ်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်သန်းသန်းနွယ်[၇/တငန(နိုင်)၀၀၅၄၇၉] ကိုင်ဆောင်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အိမ်၊ ခြံ၊ မြေနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြေညာ ပါသည့်(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ထူးခန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၀၈)**
**အမှတ်(၁၇၀၃-က)၊ ပြည်လုံးမွေးလမ်း၊ ပန်းခြံ(၂၄)၊**
**(ဏ/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၃၅၇၇၃၂၉**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြတ်သီရိလမ်း၊ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၄၆)၊ ဧရိယာ(၀.၀၈၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် မိခင် ဒေါ်နန်းငွေငွေ(ခ) ဒေါ်နန်းငွေငွေသောင်းအမည်ပေါက် ပိုင်ဆိုင်ပါသည်။ ယင်းမြေကွက်နှင့် အဆောက်အဦတို့အား သားသမီးအရင်းများဖြစ်သော (၁)ဒေါ်နန်းဝိုင်းမောင်မောင်[၉/မနမ(နိုင်)၁၁၀၉၁၀]၊ (၂)ဦးစိုင်းကျော်စွာမောင်မောင်[၁၂/ရပသ(နိုင်)၀၄၅၀၅၂]တို့အား မိဘ၏ချစ်ခြင်းမေတ္တာစေတနာသက်သက်ဖြင့် အဖိုးစားနား တစ်စုံတစ်ရာရယူခြင်းမရှိဘဲ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထိုသို့ မေတ္တာဖြင့်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား အကြောင်းပြချက်နှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက သက်ဆိုင်ရာဌာနတွင် ပေးကမ်းခြင်းခံရသူများ၏ အမည်ဖြင့် တရားဝင်အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နန်းငွေငွေ(ခ)ဒေါ်နန်းငွေငွေသောင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (25-E7)၊မြေကွက်အမှတ်(V ၇၆)၊ ဧရိယာ(၀.၀၂၉) ဧက၊ မြေကွက်တည်နေရာ-အမှတ်(၁၇)၊ သီတာလမ်း၊ ဆေးရိုးတန်းနှင့် ငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကိုစံသိန်း၊ မညွှန့်ရင်အမည်ပေါက် နှစ်(၉၀)မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက် ဖခင် ကိုစံသိန်းနှင့် မိခင် ဒေါ်ညွှန့်ရင်တို့မှ ဦးမြင့်ကြည်ဝင်း၊ ဦးတင်မောင်ဝင်း၊ ဒေါ်ရင်ပြုံးဆွေ၊ ဦးအောင်သန်းဝင်း၊ ဦးသန့်ဇင်၊ ဦးလွင်ကြည်၊ ဦးအောင်ညွန့်မင်းတို့(၇)ဦးကိုမွေးဖွားခဲ့ပါကြောင်း၊ ၎င်းတို့(၇)ဦးမှလွဲ၍ အခြားသော သားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ဖခင် ဦးစံသိန်းသည်(၃၀-၃-၁၉၉၈)ရက်နေ့၊ မိခင် ဒေါ်ညွှန့်ရင်သည်(၂၂-၉-၂၀၀၃) ရက်နေ့၊ သားတစ်ဦးဖြစ်သူ ဦးမြင့်ကြည်ဝင်းသည် (၁၀-၉-၂၀၀၇)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်ပါကြောင်း၊ ဦးမြင့်ကြည်ဝင်း(ကွယ်လွန်)၏ဇနီးဖြစ်သူဒေါ်ငွေငွေအောင်မှ ကွယ်လွန်သူ ဦးမြင့်ကြည်ဝင်းတွင် တစ်ဦးတည်းသော တရားဝင်ဇနီးအဖြစ် ၎င်းတစ်ဦးတည်းသာလျှင်ရှိပါကြောင်း၊ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူများနှင့်၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်သည့်အားလျော်စွာ မြေအမည်ပေါက် ဖခင်/ယောက္ခထီး ဦးစံသိန်းနှင့် မိခင်/ယောက္ခမဒေါ်ညွှန့်ရင်နှင့် မွေးချင်း/ခင်ပွန်း ဦးမြင့်ကြည်ဝင်းတို့ ကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်၏ သားသမီး (၆)ဦးနှင့် ချွေးမတော်စပ်သူ(၁)ဦး၊ ၎င်းတို့(၇)ဦးတို့ကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့(၇)ဦးမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း၊ အခြားကိတ္တိမသားသမီးများ မွေးစားခဲ့ခြင်းမရှိပါကြောင်း၊ ဒေါ်ငွေငွေအောင်[၁၂/ကမတ(နိုင်)၀၁၄၆၈၂]၊ ဦးတင်မောင်ဝင်း [၁၂/ကမတ(နိုင်)၀၁၄၈၀၃]၊ ဒေါ်ရင်ပြုံးဆွေ [၁၂/ကမတ(နိုင်)၀၁၄၆၆၈]၊ ဦးအောင်သန်းဝင်း [၁၂/ကမတ(နိုင်)၀၁၄၆၅၅]၊ ဦးသန့်ဇင် [၁၂/ကမတ(နိုင်)၀၁၄၈၁၆]၊ ဦးလွင်ကြည် [၁၂/ကမတ(နိုင်)၀၁၅၀၆၆]၊ ဦးအောင်ညွန့်မင်း [၁၂/ကမတ(နိုင်)၀၁၄၅၀၈]တို့က ကျောက်တံတားခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၁၂၆/၂၀၂၃(၁၄-၁၁-၂၀၂၃)နှင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)မြေငှားဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ယင်းမြေ၏ မြေစာရင်းအရ ၁၉၉၃ ခုနှစ်တွင် ဦးစံသိန်း+၁တို့မှ မြေပုံကူးလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ၁၉၉၃ ခုနှစ်က လျှောက်ထားထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံမြေရာဇဝင်မူရင်းမှာ အသုံးပြုရခြင်းလုံးဝမရှိဘဲ မိမိတို့၏ လက်ဝယ်တွင်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ဒေါ်ငွေငွေအောင်+၆တို့၏(၂၂-၁-၂၀၂၄)ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျောက်တံတားခရိုင်တရားရုံး ကျမ်းကျိန်၊ ရှင်းလင်းတင်ပြစာတို့ကိုတင်ပြ၍ ဒေါ်ငွေငွေအောင်၊ ဦးတင်မောင်ဝင်း၊ ဒေါ်ရင်ပြုံးဆွေ၊ ဦးအောင်သန်းဝင်း၊ ဦးသန့်ဇင်၊ ဦးလွင်ကြည်၊ ဦးအောင်ညွန့်မင်းတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် လူနာများအားကုသပေးရန် FDA အသိအမှတ်ပြုဆေးဝါးများနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၉-၆-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၉:၀၀) နာရီ |
| တင်ဒါပိတ်မည့်ရက် | - | ၂-၇-၂၀၂၄ ရက် (အင်္ဂါနေ့) ညနေ (၂:၀၀) နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည် -

*** သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်**
*** ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၉-၂၅၀၅၀၀၇၂၈၊ ၀၉-၄၂၀၈၈၅၈၈၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ကျွန်ုပ်၏ မိတ်ဆွေ ဦးခင်ဝင်း (၁၂/အစန(နိုင်)၁၁၃၄၆၉) နှင့် ဒေါ်စန်းစန်းနု (၁၂/အစန(နိုင်)၁၁၄၈၃၄)တို့မှ မွေးဖွားသော သမီး မအိအိပန် (၁၂/ဒဂမ(နိုင်)၀၁၃၀၉၅)သည် အရွယ်ရောက်၍ အိမ်ထောင်ပြုပြီး သီးခြားနေထိုင်ပါသည်။ မအိအိပန်သည် မိဘများနှင့် အဆက်အသွယ်မရှိတော့ပါ။ မအိအိပန် လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများသည် မိဘများနှင့် မပတ်သက်ပါ။ မအိအိပန်နှင့်သက်ဆိုင်သော အရှုပ်အရှင်း၊ ငွေကြေးကိစ္စများကို ၎င်းနှင့်သာ ဖြေရှင်းကြရန်ဖြစ်ပါသည်။ မအိအိပန်သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဆိုဆုံးမမှုကိုလည်း နာခံမှုမရှိပါ။ မအိအိပန်၏ ဆောင်ရွက်မှုများကြောင့် မိဘများသည် ဂုဏ်သိက္ခာကျဆင်းရပါသည်။ မအိအိပန်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် မအိအိပန်နှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဝင်း (၁၂/အစန(နိုင်)၁၁၃၄၆၉)၊ ဒေါ်စန်းစန်းနု (၁၂/အစန(နိုင်)၁၁၄၈၃၄)တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြူဖြူစိုး (L.L.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၄)**
တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊
၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဘိုဘိုပိုင်စိုး [၁၂/ဒဂန(နိုင်)၀၂၈၀၅၀]သည် TOYOTA PASSO (5I-8347)မော်တော်ယာဉ်အား ပိုင်ရှင်ဖြစ်သူ ဦးဇေလတ် [၁၂/ဥကမ(နိုင်)၁၆၄၂၃၉]ထံမှ (၁၆-၂-၂၀၂၄)ရက်နေ့တွင် "နှစ်ဦးသဘောတူမော်တော်ကားအရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ မော်တော်ကားအပါအဝင်ယာဉ်မှတ်ပုံတင်စာအုပ်မူရင်းနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအားတရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဘိုဘိုပိုင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မီ (LL. B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၈၃၅**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၄၇၄၀၄**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးကျော်မြင့်ထွန်း[၁၂/မဂတ(နိုင်)၀၃၅၁၆၅]၏ သမီးဖြစ်သူ မအိချောပို[၁၂/ဒပန(နိုင်)၀၅၈၄၄၃]သည် မိဘကို အကြိမ်ကြိမ်အဖန်ဖန် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ မိဘပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်။

**ဦးကျော်မြင့်ထွန်း**
**[၁၂/မဂတ(နိုင်)၀၃၅၁၆၅]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဇေယျာသုခလမ်း၊ မြေကွက်အမှတ်(၆၃၉)၊အကျယ်အဝန်း(၄၃ x ၆၂)ပေရှိ ယခုမှတ်ပုံတင်စာချုပ်ကြီးအရ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ဦးထွန်းဟန်+ဒေါ်ယုယမျိုးသက်ဟု ခေါ်တွင်သော နှစ်(၆၀)ဂရန် မူရင်းမြေကွက်အနက်မှ ဒေါ်ယုယမျိုးသက်(ဘ)ဦးမျိုးမင်း[၃/ဘအန(နိုင်)၂၃၅၆၂၅]မှ ပိုင်ဆိုင်မှုအစုဖြစ်သော တရားဝင်ခွဲစိတ်ဆောင်ရွက်လျှက်ရှိသော မြေအကျယ်အဝန်း(၂၀x၆၂)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ယုယမျိုးသက်မှ အမှန်တကယ်လက်ဝယ်ပိုင်ဆိုင်ကြောင်းဝန်ခံပြောဆိုလျက်ကျွန်ုပ်၏မိတ်ဆွေဒေါ်အင်ကြင်း[၁၂/သဃက(နိုင်)၁၇၁၃၆၇]ထံသို့ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချပစ္စည်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး ( LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆၊၀၉-၄၂၆၅၉၉၂၃၂**

## မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀ဝိ/- | ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- | |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀ဝိ/- | |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀၀ဝိ/- | |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၁၅၀၀၀၀ဝိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989
A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅
၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ
၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

**မိဘမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊**
**တောင်ပိုင်း၊ မြောက်ပိုင်း**
**ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်လိုသည်။**
**09 422 848 224**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဗိုလ်မိုးကြိုးလမ်း၊ မြေကွက်အမှတ်(၂၆၈/ခ)၊ ပေ(၂၀x၆၀)ရှိ ဗိုလ်မှူးသန်းဆွေ ပါမစ်အမည်ပေါက်မှ မြေကွက်နှင့်နေအိမ်အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဘေဘီသန်း[၁၂/ဗဟန(နိုင်)၀၂၂၂၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာအောင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သန္တာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

**သွေးသည် အသက်**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့ ၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ အမှတ်(၁၂/ဘီ)တွင်တည်ရှိသော GALAXY COLOUR COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၁၀၄၈၇၁၃)သည် အောက်တွင်ဖော်ပြထားသောအမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မူပိုင်ခွင့်ဦးစီးဌာနတွင် အမှတ်တံဆိပ်အား အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေဖြင့် လျှောက်ထားခဲ့ရာမူပိုင်ခွင့်ဦးစီးဌာနမှလျှောက်ထားချက်အား လက်ခံထားပြီးသည့်အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

**လျှောက်လွှာအမှတ်- T/2024/002278** **လျှောက်လွှာအမှတ်- T/2024/002280**

အထက်ဖော်ပြပါ GALAXY COLOUR အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းတိုင်းတွင် လုပ်ငန်းသုံး အမှတ်တံဆိပ်အနေဖြင့် အသုံးပြုပြီး LUXUARY အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အထည်အလိပ်များအား မိမိတို့ကုမ္ပဏီမှ ကိုယ်တိုင်ထုတ်လုပ်၍ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းအား မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်တုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့်ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအသုံးပြုခြင်းမျိုးမပြုလုပ်မဆောင်ရွက်ကြရန်သတိပေးတားမြစ်ပါသည်။ အကယ်၍သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလိုတရားစွဲဆို ဆောင်ရွက်သွားမည့်အပြင်တုပပြုလုပ်သည့်တံဆိပ်အမှတ်အသားအမည်တို့ကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**GALAXY COLOUR COMPANY LIMITED၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ခိုင်ဆုဝေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၀၆၅)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၅၀၉၈၈၄၂**

## အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၇-လမ်း၊ အမှတ်(၃၅) အနောက်ရှိ အဆောက်အအုံ၏ အဆောက်အအုံသစ်ရှိ ဦးတင်ထွန်း(ခ)ဦးထွန်းတင်အမည်ဖြင့် ပြန်လည်ရရှိမည့် မြေညီထပ်(ဝဲ)ဘက်အခန်းအား ဦးခင်မောင်သန်းမှဝယ်ယူထားသဖြင့် အမည်ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ချပေးထားသော လှည်းကူးမြို့ မြို့မ ရပ်ကွက်၊ (၈/၂) တိုးချဲ့နှင်းဆီလမ်း၊ အိမ်ရာကွက်ငယ် အမှတ်(၆၆၇)၊ ဧရိယာ (၄၀'x ၆၀')၊ (မြို့မြေ) မူလပိုင်ရှင် ဒေါ်ခင်မြအိ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးသီဟညွန့်ဦး [၇/ပမန (နိုင်)၁၄၇၃၈၅] ကိုင်ဆောင်သူက(၁၁-၄-၂၀၂၄)နေ့တွင် အဆက်စပ်စာချုပ်များဖြင့် ရောင်းချသူ ဦးနေထက်အောင်[၁၂/မဂတ(နိုင်)၀၂၁၄၅၀]ထံမှ ဥပဒေနှင့်အညီ အပြီးအပိုင် ဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသီဟညွန့်ဦး** | **ဦးမျိုးမင်းဆန်း(LL.B)** |
| **[၇/ပမန (နိုင်)၁၄၇၃၈၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၁)** |
| **အမှတ်(၁၅၄)ငှက်ပျောတော** | **အမှတ်(၂၇)(အောင်မင်္ဂလာ(၂)လမ်း)** |
| **(၅)လမ်း၊ ပြည်တော်သာ** | **အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့** |
| **ရပ်ကွက်၊ လှည်းကူးမြို့** | **ဖုန်း - ၀၉-၇၉၀၉၁၉၉၆၃** |

## ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၆၅)ရှိ (၂) ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ်(ဘီ)(ခြေရင်းခန်း-ဘယ်) (၁၂ ½ ပေ x၅၀ ပေ)ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်မော်မော်သန်း [၁၄/မအန(နိုင်)၀၀၀၄၂၉] ထံမှ ဦးဆန်းပြည့်အောင် [၁၃/ပဆတ(နိုင်)၀၀၀၅၂၂ ]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan 'ဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099,09-774597373,09-767779901**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(မြောက်)ရပ်ကွက်၊ ၄၀ါလမ်း၊ တိုက်အမှတ်(၂၁၄)၊ ၇-လွှာ (ခြေရင်းခန်း)၊ အလျား ၁၂ပေခွဲ x အနံ ၅၅ ပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အဆိုပါ တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းပြုံး[၁၂/ကမတ(နိုင်)၀၂၆၁၆၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်မိုး [၁၄/ဘကလ(ဧည့်)၀၀၀၁၀၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ ( ၇ ) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးဝေ ( LL.B, DBL, Dip in Eng )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၈၀/၂၃-၁-၂၀၂၀)**
**ဖုန်း - ၀၉ ၄၂၀၁၃၀၇၆၁၊ ၀၉ ၇၈၉၉၀၄၇၅၁**
**တိုက်(၁)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဒေါက်တာ ဇော်ဝင်း
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်
## အသက်(၇၀)နှစ်

(ဦးအုန်းရင်-ဒေါ်ဖြူတုတ်)တို့၏သား၊ (ဦးလှမောင်)-ဒေါ်လှသိန်းတို့၏ သားသမက်၊ (ဦးမြင့်သိန်း)-ဒေါ်အမာကြည်တို့၏ညီ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အိမ်အမှတ်(၄၁-A)နေ ဒေါက်တာဝေဝေလှ(ပါမောက္ခ-ငြိမ်း၊ သင်္ချာဌာန)၏ခင်ပွန်း၊ ကိုဆန်းဌေးနောင်-ဒေါက်တာကြည်ပြာဇော်ဝင်း (ကလေးအထူးကု၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး)၊ ကိုဆက်ဇော်ထွေးတို့၏ဖခင်သည် ၁၅-၆-၂၀၂၄(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၇-၆-၂၀၂၄(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉) လမ်း၊ အမှတ် (၁၀၁) နှစ်ခန်းတွဲ (၆) ထပ်တိုက်မှ နံပါတ် (၃) လွှာ (တိုက်ကို မျက်နှာမူလျှင် လက်ယာဘက်ခန်း) (၁၂ ပေခွဲ x၄၀ ပေ) ခန့် အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းကို ဝယ်ယူလက်ရှိထား နေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက် ရှိပြီး အမွှအခင်းအရှုပ်အထွေး ကင်းရှင်းကာ တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဒေါ်စိန်ထွေးထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေများအဖြစ် (၁၄-၆-၂၀၂၄) ရက်နေ့က ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၇၉/၂၀၂၃)**
**အမှတ် (၇၉)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၃၅၇၄၉၊ ၀၉-၇၅၂၅၃၇၀၄၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ်(၁၆/ဘီ)နေ ဒေါ်အေးသီတာ [၁၂/ကတတ(နိုင်)၀၀၂၄၃၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲကျေးရွာအုပ်စုကွင်းအမှတ်(၁၀၃၇B)၊ ကွင်းအမည်-ရင်းတိုက်ပင်ကွင်း၊ ဦးပိုင်အမှတ်(၉၅/က)၊ ဧရိယာ(၄.၁၃)ဧကရှိ ဦးသိန်းဆောင် [၁၂/လကန(နိုင်)၀၁၀၃၈၁] အမည်ပေါက်၊ ပုံစံ(၇)ပါ လယ်ယာမြေလုပ်ပိုင်ခွင့်အား ဦးသိန်းဆောင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးသူရအောင်ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးသီတာသည် (၁၃-၁၂-၂၀၁၅)ရက်နေ့တွင် အဆိုပါလယ်ယာမြေပုံစံ(၇)ပါ လယ်ယာမြေလုပ်ပိုင်ခွင့်အား တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သည်မှာ ယနေ့ထိပင်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါလယ်ယာမြေသည်ကျွန်ုပ်၏မိတ်ဆွေသာ တရားဝင်ပိုင်ဆိုင်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ အထက်ပါလယ်ယာမြေနှင့် ပတ်သက်၍ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ လုပ်ကိုင်ခွင့်ပြုထားခြင်း လုံးဝမရှိဘဲ အဆိုပါလယ်ယာမြေနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသာ တရားဝင်စီမံခန့်ခွဲခွင့်ရှိသူဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက် မရှိဘဲ အထက်ဖော်ပြပါ လယ်ယာမြေတွင် မည်သူတစ်ဦး တစ်ယောက်ကမျှ ဝင်ရောက်ကျူးကျော်ခြင်း၊ စိုက်ပျိုးလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ အထက်ပါလယ်ယာမြေတွင် ဝင်ရောက်ကျူးကျော်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်းများ တွေ့ရှိပါက ဥပဒေအရ အရေးဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း(LL.B)** | **ဦးသက်နောင်(LL.B)** |
| **(စဉ်-၁၀၀၅၈) (၉-၇-၂၀၁၄)** | **(စဉ်-၁၄၃၃၄) (၂၇-၄-၂၀၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၉/၁၁)၊ အခန်း(၀၀၅/ဘီ)၊ (၃၆)လမ်း(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၄၉၆၇၊ ၀၉-၂၅၄၃၀၉၄၉၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၄၆ )၊ လူနေရပ်ကွက်အမှတ်-( ၄၆ )၊ မြေကွက်အမှတ်-( ၇၆၆ )အရ မြေအကျယ်အဝန်း-( ၂၄၀၀ )စတုရန်းပေ၊ မြေဧရိယာ-( ၀.၀၅၅ )ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၇၆၆)၊ ဗိုလ်ချိုလမ်း၊ (၄၆)-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းမြင့် ( T/RGN-၀၀၆၁၉၇ ၊ ၁၂/လမန(နိုင်)၀၂၂၅၉၀ )အမည်ဖြင့် မှတ်သားထားပြီး၊ ဦးသန်းမြင့် ကိုယ်စား ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-( ၁၈၉၀၉/ ၂၀၂၃ )အရ ရောင်းချသူ ဒေါ်ငွေပန်း ( ၄/ထတလ (နိုင်) ၀၀၇၆၂၃ )ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊ ၈၂၉၆၁၃၂။

## စေတီ၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ လမ်း ဒါယိကာမကြီး
# ဒေါ်တင့်တင့်စော
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခ(အေဒီ)လမ်း၊ အမှတ်(4A-2)နေ [ဒုတိယဗိုလ်မှူးကြီး တင်မောင်ရင်(ရေ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ Capt.မြင့်ဇော်မင်း-ဒေါ်ခိုင်ခိုင်လင်း၊ C/Eဦးပိုက်တင်-ဒေါ်ခင်သစ်သစ်၊ C/Eဦးမျိုးကြည်- ဒေါ်ခင်သင်းသင်း၊ Capt.အောင်စိုးမင်း Belships (Myanmar) Shipmanagement-ဒေါ်ခင်မြအေးတို့၏ မိခင်ကြီး၊ ဦးဇေယျာဝင်း-ဒေါက်တာခိုင်သဥ္ဇာမောင်(ဝိတိုရိယဆေးရုံ)၊ ဦးလွင်မောင်မောင် (Global Myanmar Trading)၊ ဦးဇော်ဝင်းရှိန်-ဒေါ်ရွှေယင်းမာ၊ ဦးမင်းထွန်းကို-ဒေါ်အင်ကြင်းမွှေး(စင်ကာပူ)၊ ဦးတင်ထူးအောင်၊ ဦးမျိုးမင်းရင်၊ ဒေါက်တာသင်းသဇင် (Manu Life)၊ ဦးမင်းထက်အောင်(UK)၊ ဦးဉာဏ်လင်းအောင်(UK)တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင့်တင့်စောသည် ၁၅-၆-၂၀၂၄( စနေနေ့) ည ၇:၃၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ချပေးထားသော လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ (၁၅)လမ်း၊ (၁/န)တိုးချဲ့ အိမ်ရာကွက်ငယ်အမှတ်(၁၁၈၇)၊ ဧရိယာ( ၄၀' x ၆၀')၊ (မြို့မြေ) မူလပိုင်ရှင် ဦးကျော်မြင့် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးသီဟညွန့်ဦး [၇/ပမန(နိုင်)၁၄၇၃၈၅]ကိုင်ဆောင်သူက အဆက်စပ်စာချုပ်များဖြင့် ရောင်းချသူ ဒေါ်သဇင်ဦး[၁၂/ လကန(နိုင်)၂၅၉၁၆၆ ]ထံမှ ( ၂၂ -၄-၂၀၂၄ )ရက်တွင် ဥပဒေနှင့်အညီ အပြီးပိုင် ဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသီဟညွန့်ဦး** | **ဦးမျိုးမင်းဆန်း(LL.B)** |
| **[ ၇/ပမန(နိုင်)၁၄၇၃၈၅ ]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၁)** |
| **အမှတ်(၁၅၄)၊ ငှက်ပျောတော(၅)လမ်း၊** | **အမှတ်(၂၇)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။** |
| **ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။** | **ဖုန်း-၀၉-၇၉၀၉၁၉၉၆၃** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/အေ)ရပ်ကွက်၊ ဖိုးဝဇီရာလမ်း၊ တိုက်အမှတ်(၇၆)၊ E-2 ၊(၅)လွှာ၊ တိုက်ကိုမျက်နှာမူ(ဘယ်ဘက်ခန်း)၊ အကျယ်အဝန်း(၁၉ပေ× ၅၄ပေ) အကျယ်ရှိ ရေ၊မီးစုံလင်စွာပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇွန်ခိုင်သင်း(၁၂/ဒဂမ(နိုင်)၀၁၉၄၉၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေး |
| LL.B,D.B.L | LL.B,LL.M |
| (စဉ်-၁၁၃၁၁) | (စဉ်-၃၆၉၁၇) |

ရုံးချုပ် á အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ á 01 - 2304311, 09-5173690, 09-450450904, 09-420203960
ရုံးခွဲ á အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ á 09-450450908, 09-5060940, 09-450450977, 09-450450907

## သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရာဇာဓိရာဇ်အိမ်ရာ၊ တိုက်အမှတ်(၂၆၃)၊ (ပထမထပ်)၊ အခန်းအမှတ်(၁၀၁)နှင့်(၁၀၂)တို့၏ တိုက်ခန်းပိုင်ဆိုင် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ သိစေအပ်သည်မှာ -

၁။ အထက်ပါတိုက်ခန်းများသည် ဦးကိုကိုလေး[၆/ထဝန(နိုင်)၀၀၈၂၉၄] (ယခု အသက်(၈၃) နှစ်)နှင့် ဒေါ်မြသန်း [၆/ထဝန(နိုင်)၀၀၈၂၉၅] အသက်(၈၀)နှစ်(၁၈-၄-၂၀၂၄ ကွယ်လွန်)တို့၏ ပိုင်ဆိုင် အကျိုးခံစားခွင့်များဖြစ်ပြီး ဒေါ်မြသန်း(ကွယ်လွန်)၏ အမည်ဖြင့်ရှိသည့် တိုက်ခန်းများဖြစ်ပါသည်။ အခန်းအမှတ်(၁၀၂)ကို ဒေါ်မြသန်းမှ အိမ်ငှားထားရှိခဲ့ပါသည်။

၂။ ဦးကိုကိုလေးနှင့် ဒေါ်မြသန်းတို့ကို သမီးကြီးဖြစ်သူဒေါ်သင်းသင်းခိုင်မှ ကျွေးမွေးပြုစုလျက် ဒေါ်မြသန်းသည် သမီးကြီးဒေါ်သင်းသင်းခိုင်၏ ကျွေးမွေးပြုစုစောင့်ရှောက်မှုဖြင့် ဒေါ်သင်းသင်းခိုင်၏ အိမ်၌ (၁၈-၄-၂၀၂၄)နေ့တွင် ကွယ်လွန်ခဲ့ကာ၊ ဖခင်ဖြစ်သူဦးကိုကိုလေးသည် သမီးကြီး ဒေါ်သင်းသင်းခိုင်၏ ကျွေးမွေးပြုစုစောင့်ရှောက်မှုဖြင့် နေထိုင်၍၊ အခန်းအမှတ်(၁၀၁)တွင် သမီးဒေါ်သောင်းသောင်းခိုင်ကို အတူနေစေလျက်ရှိပါသည်။ ဦးကိုကိုလေးသည် အသက်(၈၃)နှစ်ရှိပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးအတွက် သမီးကြီးဒေါ်သင်းသင်းခိုင်မှ စောင့်ကြည့်ကျွေးမွေးပြုစုစောင့်ရှောက်ရလျက်ရှိပါသည်။

၃။ ဦးကိုကိုလေးနှင့် ဒေါ်မြသန်း(ကွယ်လွန်)တို့၏ သားသမီးများမှာ (၁)ဒေါ်သင်းသင်းခိုင်၊ (၂)ဦးမိုးကျော်သူ၊ (၃)ဒေါ်စုစုခိုင်၊ (၄)ဦးမင်းကျော်သူ(ကွယ်)(အမွေမမီမြေး(၃)ဦးကျန်ရှိ)၊ (၅)ဒေါ်သောင်းသောင်းခိုင်(အခန်းအမှတ် (၁၀၁)တွင်နေသူ)၊ (၆)ဦးမြတ်ကျော်သူ(ကွယ်)(အမွေမမီမြေး(၂)ဦးကျန်ရှိ)၊ (၇)ဒေါ်လေးလေးခိုင်၊ (၈)ဒေါ်ခိုင်ကလျာချော (ကွယ်) (အမွေမမီမြေး(၂)ဦးကျန်ရှိ)တို့ဖြစ်ကြရာ အမွေဆိုင် အမွေခံများအားလုံးတို့က သိရှိသဘောတူသည့် စာဖြင့် ခွင့်ပြုပါဝင်မှု လုံးဝမရှိဘဲနှင့် အသက်အရွယ်ကြီးရင့်ပြီး ကိုယ်စိတ်နှစ်ပါးမကျန်းမာသူ ဦးကိုကိုလေးအား ဦးတည်စေလျက် အထက်ပါ တိုက်ခန်း(၂)ခန်းကို ရောင်းချ၊ ပေါင်နှံ၊ လှူဒါန်း၊ ပေးကမ်း၊ အာမခံတင်သွင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် လက်ခံရယူခြင်းများပြုလုပ်ခြင်း၊ စာချုပ်စာရွက်စာတမ်းများကို မမှန်မကန်ပြု လုပ်ခြင်းများကို ကျူးလွန်ခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် မမှန်မကန်ပြုမူကျူးလွန်သူများအား တရားဥပဒေများအရ ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောရိုးနှင့် အသိပေးကြေညာအပ်ပါသည်။

**ဦးမိုးကျော်သူ [၆/ထဝန(နိုင်)၀၀၈၂၉၆]၊**
**အမှတ်(၂၁၃၄)၊ ဇမ္ဗူရတနာလမ်း၊ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၏ ပြောဆိုလွှဲအပ်ချက်များအရ -**

| | |
|---|---|
| **ဦးမြသိန်း(ပုဇွန်တောင်) (ဥပဒေဘွဲ့)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၅၃)** |

**(ရုံး)အမှတ်-(၁၅၅)(ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**(ဖုန်း)-၀၉-၄၅၅၁၆၈၄၁၅၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၇၃၁၀၇၀၂၈၊ ၀၉-၆၆၄၂၈၂၇၉၂**

**ဒေါက်တာ ငယ်**
**ပါမောက္ခ/ဌာနမှူး**
**စီမံခန့်ခွဲမှုပညာဌာန**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၆၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၇၃ လမ်း (၃၅x၃၆)လမ်းကြား ၊ (၆၉၈/၆၉၉) မဟာနွယ်စဉ်ရပ်ကွက်၊ အိမ်အမှတ်(၁၉၃)နေ (ဦးမြိုင်-ဒေါ်သိန်းတင်)တို့၏ သမီး၊ ဦးလှမြင့်၊ ဒေါ်မာယာ၊ ဒေါ်နုနု၊ ဒေါ်ဥမ္မာ၊ ဦးသန်းထွန်းတို့၏ ညီမ ဒေါ်ခင်မလေး၏ အစ်မ ဒေါက်တာငယ်သည် ၁၅-၆-၂၀၂၄ ရက် ည ၆:၂၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၄ ရက် နံနက် ၁၀ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ငယ်**
**ပါမောက္ခ/ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၆၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာငယ်(ပါမောက္ခ/ဌာနမှူး)သည် ၁၅-၆-၂၀၂၄ ရက် ည ၆:၂၉ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ငယ်**
**ပါမောက္ခ/ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၆၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာငယ် (ပါမောက္ခ/ဌာနမှူး)သည် ၁၅-၆-၂၀၂၄ ရက် ည ၆:၂၉ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **Master of Banking and Finance (MBF–1st Batch)**
**နေပြည်တော်နယ်မြေ – ကျောင်းသား၊ ကျောင်းသူများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ငယ်**
**ပါမောက္ခ/ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၆၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာငယ် (ပါမောက္ခ/ဌာနမှူး)သည် ၁၅-၆-၂၀၂၄ ရက် ည ၆:၂၉ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဝါဏိဇ္ဇဗေဒဌာနနှင့် စီမံခန့်ခွဲမှုပညာဌာန၊**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ငယ်**
**ပါမောက္ခ/ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၆၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာငယ် (ပါမောက္ခ/ဌာနမှူး)သည် ၁၅-၆-၂၀၂၄ ရက် ည ၆:၂၉ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Master of Business Administration**
**(MBA – 17th , 18th, 19th Batch)**
**မိတ္ထီလာနယ်မြေ – ကျောင်းသား၊ ကျောင်းသူများ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အုန်နွဲကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၃၉/ခ)၊ သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်(၅)၊ (၈.၃၂)ဧက အနက်မှ Layout Plan ပါ -နံပါတ်စဉ်-၅၊ ၆၊ အကျယ်အဝန်း ( အနံ ၄၀ ပေ x အလျား ၆၀ ပေ)ရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက် (၂) ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ **ဦးလင်းမောင်မောင် [၉/မထလ(နိုင်)၀၀၁၉၀၇]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးစိုးဝင်းထွန်း[၁၂/လကန(နိုင်)၂၁၆၃၅၉]**နှင့် **ဦးဖြိုးဝေ[၁၄/ဘကလ(နိုင်)၂၁၄၀၂၇]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးဝေ (LL.B, DBL, Dip In Eng )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၈၀/၂၃-၁-၂၀၂၀)**
**ဖုန်း-၀၉-၄၂၀၁၃၀၇၆၁၊ ၀၉-၇၈၉၉၀၄၇၅၁**
**တိုက်(၁)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဝမ်းနည်းကြေကွဲခြင်း**
**နိုင်ငံကျော်တေးသံရှင် ဒေါ်ချို့ဝေလွင်**
**ကာလပေါ်/နှောင်းခေတ် တေးသီချင်းစိစစ်ရေးအဖွဲ့ဝင်**
**အသက် (၈၅) နှစ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကာလပေါ်/နှောင်းခေတ် တေးသီချင်းစိစစ်ရေးအဖွဲ့ဝင် နိုင်ငံကျော်တေးသံရှင် ဒေါ်ချို့ဝေလွင် အသက်(၈၅)နှစ်သည် (၁၅-၆-၂၀၂၄) ရက်နေ့ ည(၁၁:၃၀)နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ပြန်ကြားရေးဝန်ကြီးဌာန**

**ဦးတိုး**
**အသက်(၉၆)နှစ်**

ဦးအေးသန်း-ဒေါ်ကင်းမြ၊ ဦးအောင်မြင့်၊ ဦးဝင်းမြင့်-ဒေါ်တင်တင်သော်၊ ဦးနိုင်ဝင်း-ဒေါ်စန္ဒာတို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးတိုးသည် ၁၅-၆-၂၀၂၄(စနေနေ့) ညနေ ၃:၀၃ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပလောက်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပလောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ဇော်ဝင်း**
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်**
**အသက်(၇၀)နှစ်**

အစ်မကြီး ဒေါက်တာ ဝေဝေလှ(ပါမောက္ခ/သင်္ချာဌာန)၏ ခင်ပွန်းဖြစ်သူ ဒေါက်တာဇော်ဝင်းသည် ၁၅-၆-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် အစ်မကြီး မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူ**
**(ဦးလှမောင်)-ဒေါ်လှသိန်း**
**မောင်နှမများနှင့် တူ/တူမများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ငယ်**
**ပါမောက္ခ/ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၆၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာငယ် (ပါမောက္ခ/ဌာနမှူး)သည် ၁၅-၆-၂၀၂၄ ရက် ည ၆:၂၉ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Master of Business Administration**
**(MBA 15th,16th,3rd,4th,5th Batch)**
**နေပြည်တော်နယ်မြေ – ကျောင်းသား၊ ကျောင်းသူများ**

**ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်းသွယ်၊ အမှတ် ( ၁၀ )ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်အနက် (အကောင်အထည်ပေါ်ပေါက်လာ မည့်တိုက်အဆောက်အဦအား မျက်နှာမူရေတွက်လျှင်) လက်ဝဲဘက်ခြမ်း (ခေါင်းရင်းခန်း) ပထမထပ်၊ အကျယ်အားဖြင့် (၁၂ ½ x ၃၅)ပေရှိ တိုက်ခန်းတစ်ခန်း၊ ယင်းတိုက်ခန်းအတွက် ကိုယ်ပိုင်လျှပ်စစ်မီတာ တစ်လုံးပါဝင်မည့် ရေ၊ မီးအစုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလကန်ထရိုက်တာ ဦးမြင့်ဇော် [၇/ရတန(နိုင်)၀၉၃၄၆၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် (၁၃-၆-၂၀၂၄) ရက်နေ့၌ စရန်ပေးစာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကြိုပွဲတိုင့်စနစ်ဖြင့်ဝယ်ယူသည့် ဤတိုက်ခန်းအရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၆-၇-၂၀၂၄) ရက်နေ့နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ အကျိုးသက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ အထောက်အထားမူရင်းများနှင့်တကွ အားမနာတမ်းလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ခင်စန်းစန်း [၁၂/လမန(နိုင်)၁၁၉၅၀၃]၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေဝင်း**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၄၉၄၃)**
**တိုက် (၄၁) အခန်း(ဘီ-၃) ဒုတိယထပ်၊ ၁၁ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊**

**မူးယစ်ကိုပစ်ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

**တေးသံရှင် ဒေါ်ချို့ဝေလွင်(ခ)ဒေါ်ခင်ချိုချို**
**ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တေးဂီတ စိစစ်ရေးဘုတ်အဖွဲ့ဝင်**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သီရိဇေယျာလမ်း၊ အမှတ်-၂(က)နေ (ဦးမြတ်သော်-ဒေါ်ဒွန်းရင်)တို့၏သမီး၊ (စန္ဒယားဦးလှထွတ်-အကယ်ဒမီ)၏ ချစ်ဇနီး၊ ဂီတမှူးဦးမြတ်မင်း (ဂီတဥ္ဇလီ)-ဒေါ်ဝင်နီတို့၏ ကျေးဇူးရှင် မွေးသမိခင် တေးသံရှင် ဒေါ်ချို့ဝေလွင်(ခ)ဒေါ်ခင်ချိုချိုသည် ၁၅-၆-၂၀၂၄ (စနေနေ့) ည ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၄(တနင်္လာနေ့) ညနေ ၄:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)[ ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၂၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးသိန်းလွင်(ခ)ဦးမောင်မောင်**
**Chief Officer (F.G) Ex**
**အသက်(၆၃)နှစ်**

အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (ဦးစောလွင်)-ဗဟိုသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ဒေါ်မြင့်မြင့်ကြည်)တို့၏တစ်ဦးတည်းသော သား၊ ဦးမြင့်သိန်းထွန်း-ဒေါ်ဝင်းမာလွင်တို့၏မောင်၊ ဒေါ်ပြုံးမာလွင်၏ ချစ်လှစွာသောအစ်ကို၊ မိုး/ဇလညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (ဦးသုတ)-ရန်ကင်းမြို့နယ်တရားသူကြီး(ငြိမ်း)(ဒေါ်ယဉ်ယဉ်မော်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို(ဘီ)၊ အခန်း(၁၀၀၁)နေ ပြည်လမ်း၊ T.T.C ဆရာမ(ငြိမ်း) ဒေါ်ကေသီသုတ၏ချစ်လှစွာသောခင်ပွန်း၊ ကိုတေဇ(ခ)ကိုနေမျိုးကျော်-မအေးအိလွင်လွင်၊ မောင်ညာဏ်ဇော်အောင်တို့၏ချစ်လှစွာသောကျေးဇူးရှင် ဖခင်ကြီး၊ မ Juliet Tay Za၊ မ Treasure Tay Za တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၆-၆-၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန် အနိစ္စရောက်ရှိသွားပါသဖြင့် ၁၈-၆-၂၀၂၄(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)နာယက**
**ဦးအစီ**
**ငွေငွေဝင်းဆီစက်၊ ရန်ကုန်ပဲဆီသန့် ၊ ဆာကူရာဆေးရုံ**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၂၄၁)၊ အောက်ကြည့်မြင်တိုင်လမ်းနေ (ဦးယုံစိန်-ဒေါ်မွှေး)တို့၏သား၊ ဒေါ်ညွှန့်ညွှန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ငွေငွေ-ဦးမြိုင်နီ၊ ဒေါ်ရီရီငွေ-ဦးသန်ချောင်း၊ ဒေါ်စန်းစန်းငွေ၊ ဒေါက်တာထင်ပေါ်-ဒေါ်အေးအေးမြင့်၊ ဦးကျော်သန်း-ဒေါ်ရင်ရင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မြေး ၁၅ ယောက်တို့ ၏အဘိုး၊ မြစ် ၁၅ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၅-၆-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၉-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အုန်နွဲကုန်းကျေးရွာအုပ်စု၊ ဒရယ်ဘိုရပ်ကွက်၊ ကွင်းအမှတ်(၁၀၃၉)၊ ကွင်းအမည်(သဖန်းပင်ကွင်း)၊ ဦးပိုင်အမှတ်(၂၁/ခ)၊ မြေအမျိုးအစား(ဥယျာဉ်ခြံမြေ/G)၊ ဧရိယာ(အလျား ၁၈၀ပေ x အနံ ၄၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးသီဟညွှန့်ဦး [၇/ပမန(နိုင်)၁၄၇၃၈၅] ကိုင်ဆောင်သူက ဆက်စပ်စာချုပ်များဖြင့် ရောင်းချသူ ဒေါ်ဝင်းဝင်းသိန်း [၁၂/လကန(နိုင်)၁၄၆၉၆၉] ထံမှ (၂၃-၃-၂၀၂၄)ရက်တွင် ဥပဒေနှင့်အညီ အပြီးအပိုင် ဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသီဟညွှန့်ဦး** | **ဦးမျိုးမင်းဆန်း(LL.B)** |
| **[၇/ပမန(နိုင်)၁၄၇၃၈၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၁)** |
| **အမှတ်(၁၅၄)၊ ၄က်ပျောတော(၅)လမ်း** | **အမှတ်(၂၇)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။** |
| **ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။** | **ဖုန်း-၀၉-၇၉၀၉၁၉၉၆၃** |

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ချပေးထားသော လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်ကြီးအမှတ်(၁/၄)၊ အိမ်ရာကွက်ငယ်အမှတ်(၈၅၂)B ၊ ခြေရင်းဘက်အခြမ်း၊ ဧရိယာ(၆၀' x ၂၀')(မြို့မြေ)၊ မူလပိုင်ရှင် ဦးမြလှိုင်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သစ်သားပျဉ်ထောင်အိမ်တစ်လုံးနှင့် လျှပ်စစ်မီတာ၊ အဝီစိရေတွင်းနှင့် သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာဝင်း [၄/မတန(နိုင်)၀၂၈၃၂၈]ကိုင်ဆောင်သူမှအဆက်စပ်စာချုပ်များဖြင့် ရောင်းချသူ ဦးအောင်ကျော်မင်း [၈/မညန(နိုင်)၀၈၅၈၉၀]ထံမှ (၅-၆-၂၀၂၄)ရက်တွင် ဥပဒေနှင့်အညီ အပြီးပိုင် ဝယ်ယူခဲ့ပြီး လက်ရောက်ရယူ နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သူဇာဝင်း[၄/မတန(နိုင်)၀၂၈၃၂၈]** | **ဦးမျိုးမင်းဆန်း(LL.B)** |
| **အမှတ်(၈၅၂)၊ ခိုင်ရွှေဝါလမ်း၊ ၁/န မေဃဝတီတိုးချဲ့၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၁)** |
| **သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။** | **အမှတ်(၂၇)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊** |
| | **လှည်းကူးမြို့။ ဖုန်း-၀၉-၇၉၀၉၁၉၉၆၃** |

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## MNL Cup ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၆**

MNL Cup ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် ဇွန် ၁၉ ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ယှဉ်ပြိုင်ကစားကြပုံများကို ဇွန် ၁၉ ရက် ညနေ ၅ နာရီ မိနစ်၂၀ မှ စတင်၍ MRTV-HD၊ MRTV Sports Channel၊ MRTV Parliament Channel၊ MWD- HD Channel၊ MWD Variety- HD Channel၊ Channel Light Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှ တစ်ပြိုင်တည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ ထုတ်လွှင့်စဉ် MRTV-HD Channel တွင် ည ၈ နာရီသတင်းထုတ်လွှင့်မှုကို ပုံမှန်အတိုင်း ထုတ်လွှင့်မည်ဖြစ်၍ ဘောလုံးပွဲစဉ်ထုတ်လွှင့်မှုကို MRTV Sports Channel နှင့် MRTV Parliament Channel တို့တွင် ဆက်လက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မလေးရှားချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု ရရှိ



ငွေတံဆိပ်ဆုရ ပြည့်ဖြိုးထွန်း ဆုလက်ခံရယူစဉ်။

**ရန်ကုန် ဇွန် ၁၆**

မလေးရှားချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဇွန် ၁၆ ရက်က မလေးရှားနိုင်ငံ ဆာရာဝပ်မြို့၌ ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ငွေတံဆိပ်တစ်ခုရရှိ**

ပြိုင်ပွဲနောက်ဆုံးနေ့တွင် မြန်မာပြေးခုန်ပစ်အဖွဲ့က ငွေတံဆိပ် တစ်ခု ထပ်မံရရှိပြီး အမျိုးသား မီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပြည့်ဖြိုးထွန်းက ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသား မီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**



ငှက်ပိတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၂)၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

## ငှက်ပိတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၂) သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၀၈ ဒသမ ၀၇ ဧကရှိသော နယ်မြေကို “ငှက်ပိတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၂)” အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်(၂၀၂၄ခုနှစ်၊ ဇွန်လ ၇ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❐

### ယနေ့ ဖတ်စရာ

**ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ကျောင်းနေအရွယ် ကလေးငယ်ပေါင်း ၆၂၅၀၀၀ ခန့် ပညာသင်ကြားခွင့် ဆုံးရှုံးလျက်ရှိ**

စာမျက်နှာ » ၁၃

**သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာမှ နေအိမ် ၄၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅